# ဂရိတ်ဂိုးလ်ဒင်းအင်ပါယာ ကုမ္ပဏီလီမိတက်

## စစ်ကိုင်းတိုင်းဒေသကြီး၊ချင်းတွင်းမြစ်ကြောင်း၏
## မော်လိုက်မြို့နယ်၊ဖောင်းပြင်မြို့နယ်နှင့်ကလေးဝမြို့နယ်များအတွင်း
## နစ်မြုပ်နေသော နိုင်ငံတော်ပိုင် ရေမြုပ်မြေမြုပ်သစ်လုံး တူးဖော်ရေးလုပ်ငန်း
## ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအစဉ်




ဩဂုတ်လ၊ ၂၀၁၉

**GREAT GOLDEN EMPIRE CO., LTD.**


**Prepared by:**

**Khin Ohnmar Htwe & Win Naing Tun**

Building-11, Room-33, Shwe Ohn Pin Housing, Yankin Township

Yangon, Myanmar.

Telephone: +959 250088277, + 959402505886

Email: kokowinnaingtun@gmail.com, khinohnmarhtwe@gmail.com

# ဂရိတ်ဂိုးလ်ဒင်းအင်ပါယာ ကုမ္ပဏီလီမိတက်၏
# ရေမြုပ်သစ်ဆယ်ယူမည့်စီမံကိန်း
# ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအစဉ်








# ဂရိတ်ဂိုးလ်ဒင်းအင်ပါယာ ကုမ္ပဏီလီမိတက်

## စစ်ကိုင်းတိုင်းဒေသကြီး၊ချင်းတွင်းမြစ်ကြောင်း၏

## မော်လိုက်မြို့နယ်၊ဖောင်းပြင်မြို့နယ်နှင့်ကလေးဝမြို့နယ်အတွင်း

## နစ်မြုပ်နေသောနိုင်ငံတော်ပိုင် ရေမြုပ်မြေမြုပ်သစ်လုံး

## တူးဖော်ရေးလုပ်ငန်း

## ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအစဉ်

# Environmental Management Plan

For

# Logs Salvage Project

# Phaung Pyin, Mawlaik and Kalewa Townships

# Sagaing Region

August 2019

Prepared by

Khin Ohnmar Htwe and Win Naing Tun

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | အစီရင်ခံစာ အကျဉ်းချုပ် | a-f |
| | Great Golden Empire Co., Ltd ၏ ရေမြုပ်သစ်တူးဖော်ရေး စီမံကိန်း လေ့လာမှု နောက်ခံသမိုင်းကြောင်း မိတ်ဆက် | 1 |
| ၁ | စီမံကိန်းအကြောင်းအရာဖော်ပြချက် (Project Description) | 6 |
| | ၁-၁။ စီမံကိန်းအကြောင်းမိတ်ဆက် | 7 |
| | ၁-၂။ စီမံကိန်းပိုင်ရှင်အကြောင်းနှင့် စီမံကိန်းအကျဉ်းချုပ် | 7 |
| | ၁-၃။ စီမံကိန်းတည်နေရာ | 9 |
| | ၁-၄။ စီမံကိန်း၏ မြေပြင်ဧရိယာ နှင့် ရေပြင်ဧရိယာအကျယ်အဝန်း | 9 |
| | ၁-၅။ စီမံကိန်းကာလ | 10 |
| | ၁-၆။ အဆောက်အဦးအရေအတွက် | 11 |
| | ၁-၇။ မြေအောက်ရေနှင့်အကွာအဝေး | 11 |
| | ၁-၈။ သုံးစွဲမည့် ဓါတုပစ္စည်းအပါအဝင် ကုန်ကြမ်းပစ္စည်းများ | 11 |
| | ၁-၉။ စီမံကိန်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှု | 12 |
| | ၁-၁၀။ အသုံးပြုမည့် စက်အင်အား | 13 |
| | ၁-၁၁။ အသုံးပြုမည့် လုပ်သားအရေအတွက် | 13 |
| | ၁-၁၂။ တစ်ရက်အလုပ်ချိန် | 14 |
| | ၁-၁၃။ တူးဖော်ဆယ်ယူမည့်သစ်လုံး နှင့် ခန့်မှန်းထွက်ရှိမှု | 14 |

| | | |
|---|---|---|
| | ၁-၁၄။ တစ်နှစ်အတွက် လောင်စာစီလိုအပ်ချက် | 14 |
| | ၁-၁၅။ လုပ်ငန်းဆောင်ရွက်မှုကြောင့် ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ | 15 |
| | ၁-၁၆။ တူးဖော်ခြင်း၊ အပ်နှံခြင်း၊ သယ်ယူပို့ဆောင်ခြင်း | 15 |
| | ၁-၁၇။ ရေငုပ်လုပ်သားများ၏ လုံခြုံစိတ်ချရမှု ဆောင်ရွက်ခြင်း | 17 |
| | ၁-၁၈။ သင်တန်းများပေးခြင်း နှင့် အသက်အာမခံများ ဆောင်ရွက်ပေးခြင်း | 18 |
| | ၁-၁၉။ အသုံးပြုမည့်ကိရိယာများ | 18 |
| ၂ | မြေပုံနှင့် ကားချပ်များ (Map and Layout Plans) | 19 |
| ၃ | ကတိကဝတ်များ (Commitments) | 25 |
| | ၃-၁။ သဘာဝပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှုများအတွက် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ သတ်မှတ်ထားသော ဥပဒေ နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်များအား လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက် | 26 |
| | ၃-၂။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးသားပြုစုသူ၏ ကတိဝန်ခံချက် | 27 |
| ၄ | မူဝါဒ၊ ဥပဒေနှင့် မူဘောင်များ (Policies and Legislations) | 28 |
| | ၄-၁။ မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာပေါ်လစီ | 28 |
| | ၄-၂။ Myanmar Agenda 21 | 29 |
| | ၄-၃ ။ လိုက်နာရမည့် EIA, IEE, EMP ဆိုင်ရာမူဝါဒများ | 29 |
| | ၄-၄။ လိုက်နာဆောင်ရွက်မည့် ဥပဒေ၊ နည်းဥပဒေများ | 30 |
| | ၄-၅။ စီမံကိန်းအဆိုပြုသူ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပေါ်လစီ | 32 |

၄-၆။ အဖွဲ့အစည်းဆိုင်ရာစီမံဆောင်ရွက်မှုများ 33

၄-၇။ စီမံကိန်းပိုင်ရှင်အကြောင်း နှင့် စီမံကိန်းအကျဉ်းချုပ် 33

၄-၇-၁။ အခြေခံအချက် အလက်များ 33

၄-၇-၂။ ဒါရိုက်တာအဖွဲ့ဝင်များ 34

၄-၇-၃။ စီမံခန့်ခွဲသောအဖွဲ့ 34

၄-၇-၄။ စုစုပေါင်းလုပ်သား အင်အား (အဆင့်အားလုံး) 34

၄.၈။ လုပ်ငန်းတာဝန်ယူမှုများ (Roles and Responsibilities) 35

၄.၈-၁။ စီမံကိန်းမန်နေဂျာ၊ စခန်းတာဝန်ခံ (Project Manager / Camp Boss) 35

၄-၈-၂။ စခန်းမန်နေဂျာ (Camp Managers) 35

၄.၈-၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (Environmental Team) 36

၄-၈-၄။ ဝန်ထမ်းများအားလုံး လိုက်နာရန် (Manual for All Personnel) 37

၅ လက်ရှိပတ်ဝန်းကျင်အခြေအနေများ (Existing Environments) 38

၅-၁။ သဘာဝ ရူပအခြေအနေများ 38

၅.၁.၁ ဖောင်းပြင်မြို့နယ် 38

၅.၁.၁.၁ တည်နေရာနှင့်အကျယ်အဝန်း 38

၅.၁.၁.၂ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် 39

၅.၁.၁.၃ သဘာဝပေါက်ပင်များ 40

၅.၁.၁.၄ လူမှုရေးဆိုင်ရာအချက်အလက်များ 40

၅.၁.၁.၄.၁ နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ 40

၅.၁.၁.၄.၂ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ 41

၅.၁.၁.၅ စီးပွားရေးဆိုင်ရာအချက်အလက် 42

၅.၁.၁.၆ မြေအသုံးချမှု 42

၅.၁.၁.၇ သစ်တောလုပ်ငန်းဆောင်ရွက်မှု အခြေအနေ 44

၅.၁.၂ မော်လိုက်မြို့နယ် 44

၅.၁.၂.၁ တည်နေရာနှင့်အကျယ်အဝန်း 44

၅.၁.၂.၂ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် 45

၅.၁.၂.၃ သဘာဝပေါက်ပင်များ 46

၅.၁.၂.၄ သဘာဝဘေးအန္တရာယ်ကျရောက်မှု 47

၅.၁.၂.၅ နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ 47

၅.၁.၂.၆ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ 48

၅.၁.၂.၇ စီးပွားရေးဆိုင်ရာအချက်အလက် 49

၅.၁.၂.၈ မြေအသုံးချမှု 49

၅.၁.၃ ကလေးဝမြို့နယ် 50

၅.၁.၃.၁ တည်နေရာနှင့် အကျယ်အဝန်း 50

၅.၁.၃.၂ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် 51

၅.၁.၃.၃ နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ 52

၅.၁.၃.၄ သဘာဝပေါက်ပင်များ 53

၅.၁.၃.၅ တောရိုင်းတိရစ္ဆာန်များ 53

၅.၁.၃.၆ သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ 54

၅.၁.၃.၇ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ 54

၅.၁.၃.၈ စီးပွားရေးဆိုင်ရာ အချက်အလက်များ 55

၅.၁.၃.၉ မြေအသုံးချမှု 55

၅.၃ မြန်မာနိုင်ငံ၏ ရေမြေပြင်သစ်များ ဆယ်ယူမှုနှင့် ပတ်သက်သော စံနှုန်း၊ စည်းမျဉ်းများ 56

၅.၄ ရှုပပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအချက်အလက်များ တိုင်းတာကောက်ယူခြင်း 56

၅-၄-၁ နိဒါန်း (Introduction) 57

၅-၄-၂ လက်ရှိပတ်ဝန်းကျင်အခြေအနေ (Existing Environment Condition) 61

၅-၄-၃။ လေအရည်အသွေး (Air Quality) 63

၅-၄-၃-၁။ ကွင်းဆင်းသည့်အမျိုးအစား (Survey Item) 63

၅-၄-၃-၂။ ကွင်းဆင်းသည့် ကာလ (Survey Period) 63

၅-၄-၃-၃။ ကွင်းဆင်းသည့်နည်းလမ်း (Survey Method) 64

၅-၄-၃-၄။ လေအရည်အသွေးတိုင်းတာကွင်းဆင်းသည့်တည်နေရာ 65

၅-၄-၃-၅။ လေအရည်အသွေးတိုင်းတာသည့်နေရာ (Site Description of Air Quality Monitoring Survey) 66

၅.၄.၃.၆ ရလာဒ်များ (Survey Results) 67

| | | |
|---|---|---|
| ၅.၄.၃.၇ | လေတိုင်းနှုန်းနှင့်လေညွှန်‌့ရပ် (Wind Speed and Direction) | 68 |
| ၅.၅ | ဆူညံမှုအဆင့် (Noise Level) | 71 |
| ၅.၅.၁ | ကွင်းဆင်းအမျိုးအစား (Survey Item) | 71 |
| ၅.၅.၂ | ကွင်းဆင်းသည့်နေရာ (Survey Location) | 71 |
| ၅.၅.၃ | ကွင်းဆင်းကြာချိန် (Survey Period) | 71 |
| ၅.၅.၄ | ကွင်းဆင်းသည့်နည်းလမ်း Survey Method | 72 |
| ၅.၅.၅ | ရရှိသည့်ရလာဒ်များ (Survey Result) | 72 |
| ၅.၆ | ရေအရည်အသွေး (Water Quality) | 75 |
| ၅.၆.၁ | ကွင်းဆင်းသည့်အမျိုးအစား (Survey Item) | 75 |
| ၅.၆.၂ | ကွင်းဆင်းသည့်နေရာများ (Survey Locations) | 76 |
| ၅.၆.၃ | ကွင်းဆင်းကြာချိန် (Survey Period ) | 79 |
| ၅.၆.၄ | ကွင်းဆင်းသည့်နည်းလမ်း (Survey method) | 79 |
| ၅.၆.၅ | ရေအရည်အသွေးကောက်ယူသည့်နေရာများ (Site Description of Water Quality Survey) | 80 |
| ၅.၆.၆ | ရရှိသည်ရလာဒ်များ (Survey Result) | 84 |
| ၅.၇ | ရေအရည်အသွေး လေ့လာမှု (Water Quality Survey) | 85 |
| ၅.၈ | Hydrology and River Morphology | 86 |
| ၆ | စီမံကိန်းကြောင့် သက်ရောက်နိုင်ခြေရှိသော ဆိုးကျိုးများကိုဖော်ထုတ် စီမံခန့်ခွဲခြင်း နှင့် အရေးယူဆောင်ရွက်ခြင်း(Impacts and Mitigation Measures) | 91 |
| | ၆-၁။ အသံဆူညံမှုနှင့် ပါတ်သက်သော စီမံခန့်ခွဲမှု | 92 |

၆-၂။ ရေအရည်အသွေးနှင့် သက်ဆိုင်သော စီမံခန့်ခွဲမှု 93

၆-၃။ လေထုညစ်ညမ်းမှုနှင့် ပါတ်သက်သောစီမံခန့်ခွဲမှု 93

၆-၄။ မြေထုညစ်ညမ်းမှုနှင့် ပါတ်သက်သောစီမံခန့်ခွဲမှု 94

၆-၅။ စွန့်ပစ်ပစ္စည်းများနှင့် ပါတ်သက်သော စီမံခန့်ခွဲမှု 94

၆-၆။ သဘာဝပေါက်ပင်များ၊ သက်ရှိ၊ သက်မဲ့ ဇီဝမျိုးစုံမျိုးကွဲများနှင့် ပတ်သက်သော စီမံခန့်ခွဲမှု 95

၆-၇။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ပတ်သက်သော စီမံခန့်ခွဲမှု 95

၆-၈။ ဖြစ်ပေါ်လာမည့် ထိခိုက်မှုများ လျှော့ချရန် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ 95

၆-၉။ လုပ်ငန်းခွင်ဇရိယာအတွင်း ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုးသက်ရောက်မှုနှင့် လျှော့ချမည့် နည်းလမ်းများ 96

၆-၁၀။ လုပ်ငန်းခွင်ဇရိယာတွင် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအား အဆင့် အတန်းသတ်မှတ်ခြင်း 96

၆-၁၁ Hydrological point for Mitigation Measures, Environmental Management Plan, Monitoring, Reporting and CSR Programmes 98

၇ အရေးပေါ်စီမံချက်များ (Emergency Plans) 101

၇-၁။ ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက် 101

၇-၂။ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး 102

၇-၃။ အရေးပေါ်အခြေအနေ တုန့်ပြန်ဆောင်ရွက်မှု နှင့် အသင့်ရှိမှု 102

၇-၄။ ရေငုပ်သမားများအတွက် လိုက်နာရမည့် စည်းကမ်းများ 103

၈ ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံခြင်း နှင့် လူမှုစီးပွားဆိုင်ရာ ကွင်းဆင်းလေ့လာခြင်း 104
(Public Consultation and Socio-economic Survey)
၈-၁။ ချင်းတွင်းမြစ်အတွင်းရေမြုပ်သစ်ဖော်ထုတ်နိုင်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း 103
၈-၂။ ချင်းတွင်းမြစ်အတွင်းရေမြုပ်သစ်ဖော်ထုတ်နိုင်ရေး ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးခြင်း အပိုင်း(၂) 111
၈-၃။ အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း 117
၈-၄။ ဒေသခံများ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှု 117
၈-၅။ စီမံကိန်းပတ်ဝန်းကျင်ရှိဒေသခံများ၏သဘောထားမှတ်ချက်များ 118
၈-၆။ ပထမအကြိမ် အစည်းဝေးတက်ရောက်သူများ 124

၉ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များနှင့် ရံပုံငွေလျာထားချက် (Monitoring and Budget Allocation) 134
၉-၁။ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ် 134
၉-၂။ စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ဖွဲ့စည်းခြင်း 135
၉-၃။ ရံပုံငွေလျာထားချက် 136
၉-၄။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မည့်အဖွဲ့အစည်း 136
၉-၅။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်ထည်ဖော် ဆောင်ရွက်ရန် အတွက် ရန်ပုံငွေလျာထားချက်။ 136
၉-၆။ ဒေသဖွံ့ဖြိုးမှုအစီအစဉ် နှင့် လူမှုဘဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှု 137

၉-၇။ဒေသခံပြည်သူများ၏လူမှုစီးပွားဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (Corporative Social Responsibility – CSR) 137

၁၀ စီမံကိန်းပိတ်သိမ်းခြင်း အစီအစဉ် (Project Closure Plan) 141

နိဂုံး နှင့် အကြံပြုချက်များ (Conclusion and Recommendations) 143

နောက်ဆက်တွဲများ 145-166

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏သဘောထားမှတ်ချက်များအားပြန်လည်ဖြေကြားခြင်း 167-195

# အစီရင်ခံစာ အကျဉ်းချုပ်

## Executive Summary

ဂရိတ်ဂိုးလ်ဒင်းအင်ပါယာ ကုမ္ပဏီလီမိတက်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင် ကလေးဝမြို့နယ် ပလူဇဝ၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ တွန်းပင်နှင့် လောင်ကောင်း၊ ဖောင်းပြင်မြို့နယ် သရောင်း နှင့် နန်းမော်လိုက်တွင် နှစ်ပေါင်းများစွာကတည်းက အကြောင်း အမျိုးမျိုးကြောင့် ချင်းတွင်းမြစ်အတွင်းတွင် နစ်မြုပ်နေခဲ့သော သစ်လုံးများကို ရှာဖွေတူးဖော် ဆယ်ယူရန် ယခင်သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက်ကတည်းက သဘောတူညီမှုရခဲ့ပါသည်။ ယခုအစိုးရလက်ထက်တွင်လည်း ရေမြုပ်သစ်များအားပြန်လည် တူးဖော်ဆယ်ယူရန် စစ်ကိုင်း တိုင်းဒေသကြီး အစိုးရသို့ လျှောက်ထားတင်ပြခဲ့ရာ စစ်ကိုင်းတိုင်း ဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် အနေဖြင့် မူလသစ်တောများမှ ခုတ်ယူခြင်း မဟုတ်သဖြင့် သစ်တော ပြုန်းတီးမှု ကာကွယ်နိုင်ပြီး နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေရရှိခြင်း၊ မြစ်ကြောင်း ပိုမိုရှင်းလင်းခြင်းတို့ကြောင့် ဤစီမံကိန်းအား ကန့်ကွက်ရန်မရှိကြောင်း၊ လိုအပ်သလို ဆက်လက် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု ဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် ပြန်ကြားခဲ့ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး မှလည်း မြေပုံနှင့်တကွ ဖော်ပြထားသော နေရာများတွင် စနစ်တကျ တူးဖော်ဆောင်ရွက်ပါက ခွင့်ပြု သင့်ပါကြောင်း တင်ပြခဲ့ပါသည်။

သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့လည်း စီမံကိန်းဖြစ်နိုင်စွမ်း လေ့လာမှု အစီရင်ခံစာကို ပြုစုတင်ပြခဲ့ပါသည်။ ယခု ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာသည် ရေနစ်မြုပ်သစ်များကို ဆယ်ယူမည့်လုပ်ငန်းစဉ် တွင် ဂရိတ်ဂိုးလ်ဒင်းအင်ပါယာ ကုမ္ပဏီလီမိတက်မှ နိုင်ငံတော်မှ ပြဋ္ဌာန်းထုတ်ပြန်ထားသော ဥပဒေ၊ နည်းပဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို လိုက်နာပြီး ပြုစုတင်ပြထားခြင်းဖြစ်ပါသည်။

ရေမြုပ်သစ်တူးဖော်ရန် အဆိုပြုနေရာများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ရည်ညွှန်းချက်ပါစာ

၂၀၁၇ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်နေ့ ရက်စွဲပါ စာအမှတ် ၂၄/ ရလထ/ ဒေသ (၆) ၇၀၂၆/ ၂၀၁၇နှင့် တည်နေရာပြမြေပုံ (၅) ပုံအား အခန်း (၂) တွင် ဖော်ပြထားပါသည်။

စီမံကိန်းကာလမှာ ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခု နှစ်အထိ (၅) နှစ် လျာထားပါသည်။ ကနဦး ရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာ (၂) သန်း ရင်းနှီးမြှုပ်နှံပါမည်။ သို့ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ဝန်ကြီးဌာနများ၊ ပူးပေါင်းဆောင်ရွက်မည့်ဌာနများနှင့် Memorandum of Agreement (MOA) ထိုးပြီးမှသာ အတည်ဖြစ်ပါမည်။

မြေအောက်ရေ တွေ့ရှိနိုင်သော ရင်းမြစ် (၂) မျိုးတွေ့ရပါသည်။ ပထမရင်းမြစ်မှာ Alluvial တွင်တွေ့ရသော perched water level ဖြစ်သော Temporary water level မှ အနက်ပေ ၂၀-၄၀ အတွင်း တွေ့ရှိရပါသည်။ ဒုတိယရင်းမြစ်မှာ Aquifer မှ ထုတ်ယူနိုင်သော Permanent water level ဖြစ်ပြီး အနက်ပေ (၂၅၀) ခန့်မှ ထုတ်ယူနိုင်ပါသည်။ ကျေးရွာများ ရှိ လက်တူးတွင်းများ နှင့် အဝီစိစက်တူးတွင်းများအား လေ့လာတင်ပြခြင်း ဖြစ်ပါသည်။

လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဓါတုပစ္စည်း သုံးစွဲရန်မလိုပါ။ သို့ရာတွင် သစ်လုံးဆယ်ယူမည့်ယာဉ်အသုံးပြုရန်အတွက် လောင်စာဆီဖြစ်သော ဒီဇယ်ဆီ နှင့် အင်ဂျင်ဝိုင်ဆီများ အသုံးပြုမည်ဖြစ်ပါသည်။ အဆိုပါဆီများကိုလည်း သီးသန့်ဆောက်လုပ်ထားသော လောင်စာဆီသိုလှောင်ရုံတွင် စနစ်တကျ သိုလှောင်ထားရှိ မည်ဖြစ်ပါသည်။

ပထမဦးစွာ ရေမြှုပ်သစ်တူးဖော်ရန် စံချိန်မှီ ကိုက်ညီသည့် အထူးပြုလုပ်ထားသည့် မော်တော် ဘုတ်တွင် နောက်ဆုံးပေါ် Sonar and CCTV ကို တပ်ဆင်၍ ခေတ်မှီနည်းပညာများဖြင့် လွန်ခဲ့သော နှစ်ပေါင်းများစွာမှ ရွှံ့နွံများအတွင်း (၃၀) ပေကျော်ခန့်အထိ နစ်မြုပ်နေခဲ့သော သစ်လုံးများအား တစ်လုံးချင်း အတိအကျ ရှာဖွေဆယ်ယူပါမည်။

ထိုနောက် မော်တော်ဘုတ်ကို သတ်မှတ်ထားသော position တွင် ကျောက်ချပြီး ခေတ်မီ scuba mask တပ်ဆင်ထားသော ကျွမ်းကျင်ရေငုတ်သမားများအား ဆင်းငုတ်စေပါသည်။ ရေငုတ်သမား သည် ၄င်း၏ Special Mask တွင် တပ်ဆင်ထားသေ sophisticated underwater microphone မှ တဆင့် Boat ပေါ်မှ တာဝန်ရှိသူများအား သစ်လုံးတွေ့ရှိမှုကို အကြောင်းကြားသတင်းပို့ပါမည်။

မော်တော်ဘုတ်ပေါ်မှ တွေ့ရှိသစ်လုံးများအား Winch (ဝန်ချီစက်) ဖြင့် ဆွဲတင်ချိတ်ယူ ဖော်ထုတ်ပါမည်။ ဤနည်းလမ်းကို အသုံးပြုခြင်းဖြင့် ရေငုတ်သမားများအား ကြီးမားသော လုံခြုံစိတ်ချမှုပေးနိုင်ပါသည်။

သစ်လုံးများကို ချိတ်ယူ ဆွဲတင်ပြီးချင်း သစ်လုံးတစ်လုံးချင်း ဆယ်ယူမှုအား video ၊ ဓါတ်ပုံ များဖြင့် မှတ်တမ်းတင်ပါမည်။ ဆယ်ယူရရှိသော သစ်လုံးများကို ရေယာဉ်ဖြင့် ဆွဲယူသွားပြီး အနီးဆုံးသတ်မှတ်ထားသော ဆယ်ယူရရှိသော သစ်လုံးများထားရှိရမည့် သစ်ဆိပ်တွင် မြန်မာ့သစ်လုပ်ငန်းသို့ အပ်နှံထားရှိပါမည်။ မြန်မာ့သစ်လုပ်ငန်း နှင့် ဂရိတ်ဂိုးလ်ဒ်င်းအင်ပါယာကုမ္ပဏီတို့မှ သစ်လုံးတစ်လုံးချင်းတွင် အမှတ်အသားများ မှတ်သားထားရှိ စာရင်းသွင်းပါမည်။

လုပ်ငန်းတွင် ဆောင်ရွက်နေသော လုပ်သားများမှ စားကြွင်း၊ စားကျန်များ၊ လူသုံးပစ္စည်းများ နှင့် စွန့်ထုတ်သော ပစ္စည်းများရှိပါမည်။ အဆိုပါပစ္စည်းများကို စနစ်တကျ မြေမြုပ်စွန့်ပစ်ပါမည်။ ထို့ပြင် စက်ပစ္စည်းများကို အသုံးပြုသောကြောင့် အင်ဂျင်ဝိုင်အဟောင်းများ၊ ဆီချေးများ နှင့် အဝတ်စုတ်များ ထွက်ရှိနိုင်ပါသည်။ အဆိုပါ ပစ္စည်းများကိုလည်း လုံခြုံစိတ်ချရသော ပုံးများ၊ ကန်များတွင် ထိန်းသိမ်းထားပြီး သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာရေးကော်မီတီနှင့် ဆက်သွယ် စွန့်ပစ်သွားမည်ဖြစ်ပါသည်။

ရေငုပ်ကျွမ်းကျင်သူများမှ လုပ်သားများနှင့်ရေငုပ်သမားများအား SAFETY သင်တန်းများ ပေးခြင်း၊ အလုပ်သမားများအတွက် အသက်အာမခံဆောင်ရွက် ပေးခြင်းများ ကိုဆောင်ရွက် ပေးပြီးမှသာ လုပ်ငန်းခွင်သို့ စေလွှတ်ပါမည်။

**သဘာဝသယံဇာတ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မှထုတ်ပြန်ထားသော**

(က) မြန်မာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)

(ခ) မြန်မာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေး နည်းဥပဒေ (၂၀၁၄)

(ဂ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)

(ဃ) အမျိုးသားပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅)

အရ အောက်ပါတို့ကို လိုက်နာဆောင်ရွက်သွားပါမည်။

- ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန် ထိန်းသိမ်းဆောင်ရွက်ခြင်း။

- အသံတုန်ခါမှုနှင့် လေထုညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်ခြင်း။
- အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲ စွန့်ပစ်ရန်။
- စောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့များ ဖွဲ့စည်းရန်။
- ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို လစဉ်မှတ်တမ်းပြုစုရန် နှင့် သက်ဆိုင်ရာ ဌာနသို့ တင်ပြရန်။
- ဒေသခံများ၏ စိုက်ပျိုးမြေများကို မထိခိုက်စေရန်။
- မြစ်ကမ်းပါးရှိဒေသခံများ၏ စိုက်ပျိုးခင်းများ စီမံကိန်းဆောင်ရွက်မှုကြောင့် ကမ်းပါးမပြိုအောင် ဂရုစိုက်ဆောင်ရွက်ရန်၊ ပြိုပါက တာဝန်ယူပြီး လျော်ကြေးပေး ဖြေရှင်းပေးရန်။
- ကျေးရွာများ၏ ဓလေ့ထုံစံများကို လေးစားလိုက်နာရန်။
- အသားတင်အမြတ်မှ ၂ % ကို လူမှုရေးဆိုင်ရာတာဝန်ယူမှု (CSR) အတွက် အသုံးပြုပါမည်။ထိုပြင် Steber Foundation တည်ထောင်ပြီး စီမံကိန်းပတ်ဝန်းကျင်ရှိ ဒေသများတွင် ပညာရေး၊ကျန်းမာရေး၊လူမှုရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ကိုဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။
- လုပ်ဆောင်သော နေရာအား လစဉ် ရေအရေအသွေးစစ်ဆေးရန်။
- ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း  အခန်း (၅)၊ အပိုဒ် ၆၃ (ဇ) အား လိုက်နာဆောင်ရွက်ရန်။
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ပုဒ်မ ၅၅ (က) နှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အား ရေးသားပြုစုရန်
- ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် အစီရင်ခံစာအား အခန်း (၇)၊ အပိုဒ် ၇၇ (က)(ခ)(ဂ) နှင့်အညီ လိုက်နာဆောင်ရွက်သွားရန်

ထို့ပြင် နိုင်ငံတော်မှ ထုတ်ပြန်ထားသော အခြား ဆက်စပ်ပတ်သက်သော လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများကို အစီရင်ခံစာ၏ အခန်း (၄) တွင် ဖော်ပြထားပြီး လိုက်နာသွားမည်ဖြစ်ပါသည်။

စီမံကိန်းအဆိုပြုနေရာ နှင့် အနီးတစ်ဝိုက်မှ ဇီဝမျိုးစုံမျိုးကွဲများ၊ လူမှုစီးပွားရေးအခြေအနေ နှင့် လက်ရှိပတ်ဝန်းကျင်အရည်အသွေးနှင့် ပတ်သက်ပြီး  ရေအရည်အသွေး၊ လေထုအရေည်အသွေး နှင့်

ဆူညံသံစသော အခြေခံအချက်အလက်များ တိုင်းတာကောက်ယူခြင်း၊ တဆင့်ခံ အရင်းမြစ်များမှ လေ့လာခြင်း ပြုလုပ်ပြီး အစီရင်ခံစာတွင် တင်ပြထားပါသည်။

အစီရင်ခံစာတွင် ဖြစ်နိုင်ခြေရှိသော ထိခိုက်မှုများကို အဆင့်အတန်း ပြင်းအားအလိုက် ဖော်ထုတ်တင်ပြထားပြီး လျော့ပါးအောင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို လည်း တင်ပြထားပါသည်။

အရေးပေါ်အခြေအနေနှင့် ပါတ်သက်၍ တုန့်ပြန်ဆောင်ရွက်နိုင်ရန် အဖွဲ့ ဖွဲ့စည်းထားရှိခြင်း နှင့် လိုအပ်သော ပစ္စည်းကိရိယာများ လုံလောက်အောင် ဆောင်ရွက်ထားရှိမှုတို့ကိုလည်း ဖော်ပြထား ပါသည်။

စီမံကိန်းနှင့် ပါတ်သက်၍ ဒေသခံပြည်သူများ နှင့် နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံ၍ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းတင်ပြခြင်း နှင့် သဘောထားမှတ်ချက်များကို မေးမြန်း ဆွေးနွေး ကောက်ယူခြင်းများကို မြို့နယ်အဆင့် နှင့် ကျေးရွာအဆင့် ဆောင်ရွက်ခဲ့ပါသည်။ အများစုမှာ စီမံကိန်းအား သဘောကျနှစ်ခြိုက် ထောက်ခံကြပါသည်။ သို့သော် စီမံကိန်းကြောင့် မြစ်ကမ်းပါးပြိုမှုကဲ့သို့သော ထိခိုက်မှုမျိုးကို စိုးရိမ်ကြပါသည်။ အဆိုပါ လူထုထံမှ အကြံဉာဏ်ရယူခြင်းများမှ တင်ပြသော လိုလားချက်၊ လိုအပ်ချက်များကို လိုအပ်သလို စီမံခန့်ခွဲမည် ဖြစ်ပြီး၊ CSR အစီအစဉ်များ ဆောင်ရွက်သောအခါ နှင့် EMP အကောင်ထည်ဖော်သောအခါ ထည့်သွင်း ဆောင်ရွက် ဖြည့်ဆည်းပေးသွားမည်။

စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်း အစီအစဉ်တွင် စီမံကိန်းရင်း နှီးမြှုပ်နှံမှု၏ ၁၀% ကို EMP အကောင်ထည်ဖော်ရာတွင် သုံးစွဲသွားမည် ဖြစ်ပြီး အသားတင်အမြတ်၏ ၂% ကို CSR အတွက် သုံးစွဲ သွားမည် ဖြစ်ပါသည်။ စောင့်ကြပ်ကြည့်ရှု့ အကောင်အထည်ဖော်မည့် အဖွဲ့လည်း ဖွဲ့စည်း ထားရှိသွားမည်။

စီမံကိန်းပိတ်သိမ်းခြင်းနှင့် ပါတ်သက်၍ အစီအစဉ်တွင် ဖော်ပြထားပါသည်။ စီမံကိန်းအသုံး ပြုခဲ့သော နေရာများကို မူလအခြေအတိုင်း ပြန်လည် ဆောင်ရွက်ပေးမည်။ စီမံကိန်းသုံးပစ္စည်းများကိုလည်း ပြန်လည်ရုပ်သိမ်းပါသည်။ စီမံကိန်းဆောင်ရွက်ခဲ့သော လုပ်ကွက်နေရာများတွင် လေအရည်အသွေးတိုင်းတာခြင်း၊ ရေအရည်အသွေး တိုင်းတာခြင်း၊ မြေထုစစ်ဆေးခြင်း စသောလုပ်ငန်းများကို ဆောင်ရွက်ပါမည်။ အစီရင်ခံစာကို သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ဝန်ကြီးဌာန၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ တင်ပြသွားပါမည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် လိုအပ်သော ကျန်းမာရေး၊ ပညာရေး နှင့် ဒေသဖွံ့ဖြိုးရေး တို့အတွက် မြို့နယ်အလိုက် ရန်ပုံငွေ တစ်ရပ်ထူထောင်ပေးသွားပါမည်။ လုပ်ငန်းပိတ်သိမ်းပြီးချိန် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုအတွက် နောက်ထပ် (၂) နှစ်တိတိ ဝန်ထမ်းခန့်ထားပြီး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လိုအပ်သော စာရွက်စာတမ်း၊ အထောက်အထားများကိုလည်း နောက်ဆက်တွဲ တွင် ပူးတွဲ ဖော်ပြထားပါသည်။

စီမံကိန်းအဆိုပြုသူသည် ရေမြုပ်သစ်လုံးများ ဆယ်ယူရေးလုပ်ဆောင်ရာတွင် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး နှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် ခွင့်ပြုမိန့်ပါ စည်းကမ်း ချက်များနှင့်အတူ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ပါ ဖော်ပြထားသော ဆောင်ရွက်ရမည့်လုပ်ငန်းများအား အပြည့်အဝ အစဉ်အမြဲလိုက်နာသွားမည် ဖြစ်ပြီး လုပ်ငန်း ပိတ်သိမ်းချိန်တွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများရှိခဲ့ပါက ထိခိုက်မှုများအတွက် သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများ အတိုင်း တာဝန်ယူမည်ဖြစ်ကြောင်း ယခုတင်ပြပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာတွင် ကတိပြုထားပါသည်။

# Great Golden Empire Co., Ltd ၏ ရေမြုပ်သစ်တူးဖော်ရေး စီမံကိန်း လေ့လာမှု နောက်ခံသမိုင်းကြောင်း မိတ်ဆက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းမြစ်ကြောင်း၏ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်အတွင်း နစ်မြုပ်နေ သော နိုင်ငံတော်ပိုင် ရေမြုပ်မြေမြုပ်သစ်လုံး တူးဖော်ရေး လုပ်ငန်းကို Great Golden Empire Co., Ltd (GGE) မှ တာဝန်ယူဆောင်ရွက် မည်ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်မှ စ၍ သစ်လုံးများကို ဖောင်ဖွဲ့၍ ချင်းတွင်းနှင့် ဧရာဝတီမြစ်ကြောင်း တစ်လျှောက် သယ်ယူပို့ဆောင်ခဲ့ပါသည်။ သို့သော်တစ်ချို့သော သစ်လုံးများ သည် ဆိုးရွားသောရာသီဥတုနှင့် ပြင်းထန်သော ရေစီးကြောင်းများကြောင့် ဖောင်မှပြုတ် ထွက်၍ သစ်ဆိပ်များမရောက်ခင် နစ်မြုပ်ခဲ့ ကြပါသည်။ ရေအောက်စီးကြောင်းများတွင် သစ်လုံးများ စုပုံ ပိတ်ဆို့မှုကြောင့် ချင်းတွင်းမြစ်၊ ဧရာဝတီမြစ် ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်ပါသည်။ နစ်မြုပ် သစ်များသည် မြန်မာ နိုင်ငံ အတွက် အကျိုးရှိပြီး တန်ဘိုးမဖြတ်နိုင်သော ရတနာများ ဖြစ်ပါသည်။

Great Golden Empire Co., Ltd ၏ဦးဆောင်သူသည် ၁၉၈၇-၈၈ ခုနှစ်တွင် သစ်တောရေးရာဝန်ကြီးဌာနအတွက် ရန်ကုန်မြစ်ကြမ်းပြင်အောက်မှ ကျွန်းသစ်လုံး (၂၀၀၀) ကျော်နှင့် ပိတောက်သစ်လုံး (၄၀၀) ကျော်ကို ပထမဆုံးဦးဆောင်သူအဖြစ် အောင်မြင်စွာတူးဖော် ဆယ်ယူ နိုင်ခဲ့ပါသည်။ဒုတိယအကြိမ်အတွက် သမ္မတ ဦးသိန်းစိန်လက်ထက်မှာလည်း ချင်းတွင်းမြစ် ကြောင်း အတွင်း နစ်မြုပ်နေသော သစ်လုံးများဆယ်ယူရေး အတွက် တင်ပြခဲ့ပါသည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက် အရ သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ယခင်အစိုးရလက်ထက် စစ်ကိုင်းတိုင်း ဒေသကြီး အစိုးရအဖွဲ့၏ ကန့်ကွက်ရန် မရှိကြောင်းနှင့် ထောက်ခံချက်ရရှိခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အစိုးရ အပြောင်းအလဲ ကြောင့် လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ဘဲ ယခု အစိုးရလက်ထက် တွင် လုပ်ငန်း များပြန်လည် လုပ်ဆောင် နိုင်ရေးအတွက် တာဝန်ရှိသူများအား အဆင့်ဆင့်တင်ပြခဲ့ပါသည်။

Great Golden Empire Company သည် စစ်ကိုင်းတိုင်း ဒေသကြီး အတွင်း ချင်းတွင်းမြစ် ကြောင်းရှိ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ် နှင့် ကလေးဝမြို့နယ် တို့တွင် အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ၂၀၁၇ ခုနှစ်၊ ဖွန်လ (၃၀) ရက်နေ့ တွင် စစ်ကိုင်းတိုင်း ဒေသကြီး

အစိုးရအဖွဲ့ဝန်ကြီးချုပ် အနေဖြင့် မူလသစ်တောများမှ ခုတ်ယူခြင်း မဟုတ်သဖြင့် သစ်တော ပြုန်းတီးမှု ကာကွယ်နိုင်ပြီး နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေရရှိခြင်း၊ မြစ်ကြောင်း ပိုမိုရှင်းလင်းခြင်းတို့ကြောင့် ဤစီမံကိန်းအား ကန့်ကွက်ရန်မရှိကြောင်း၊ လိုအပ်သလို ဆက်လက် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု ဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် ပြန်ကြားခဲ့ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး မှလည်း မြေပုံနှင့်တကွ ဖော်ပြထားသော နေရာများတွင် စနစ်တကျ တူးဖော်ဆောင်ရွက်ပါက ခွင့်ပြု သင့်ပါကြောင်း တင်ပြခဲ့ပါသည်။

သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ရေမြုပ်သစ်များ ဆယ်ယူရေးတွင် အဆင့်ဆင့်လုပ်ကိုင်ဆောင်ရွက်ရသော အဆင့်များ နှင့် ဆက်သွယ်ဆောင်ရွက်ရသော ဌာနများသည် ယင်း၏ အုပ်ချုပ်မှုအောက်တွင် ရှိသဖြင့် လုပ်ငန်းစဉ်တစ်လျှောက် တွဲဖက် လုပ်ဆောင်ရမည့် ဝန်ကြီးဌာနဖြစ်ပါသည်။

ယခုပြုစုသော စီမံကိန်းဖြစ်နိုင်စွမ်း အစီရင်ခံစာကိုလည်း သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ တင်ပြရမည် ဖြစ်ပါသည်။ ထို့ပြင် စီမံကိန်းနှင့် ပတ်သက်၍ ပြုစုတင်ပြရမည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ကိုလည်း အဆိုပါဝန်ကြီးဌာနအောက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ပါသည်။

စီမံကိန်းဆောင်ရွက်မည့်အဆင့်တွင်လည်း အဆိုပါဝန်ကြီးဌာန အောက်ရှိ မြန်မာ့သစ်လုပ်ငန်းနှင့် သဘောတူစာချုပ် ချုပ်ဆို၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အဆိုပါဝန်ကြီးဌာနသို့ ဆက်သွယ် တင်ပြ ဆောင်ရွက်ထားသော စာများအား အောက်တွင် ဖော်ပြထားပါသည်။ အဆိုပါစာများတွင်လည်း ပြန်ကြားထားသော သဘောထား မှတ်ချက်များကို တွေ့နိုင်ပါသည်။

ချင်းတွင်းမြစ်ကြောင်းအတွင်း ဆောင်ရွက်မည့် ရေမြုပ်သစ်များ ဖော်ယူမည့် ကိစ္စသည် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာ တို့နှင့် သက်ဆိုင်သော လုပ်ငန်းရပ်ဖြစ်ပါသည်။ အဓိကအားဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့်ပိုမိုသက်ဆိုင်ပြီး ပူးပေါင်းဆောင်ရွက်ရန် လိုပါသည်။

အထက်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး၏ သဘောထားမှတ် ချက်ကို နောက်ဆက်တွဲတွင်တင်ပြထားပါသည်။

Great Golden Empire Co., Ltd ၏ ရေမြုပ်သစ်တူးဖော်ရေး စီမံကိန်းသည် မြန်မာ့သဘာဝ သစ်တောများကို ခုတ်ယူခြင်းမဟုတ်သဖြင့် သစ်တောပြုန်းတီးမှုမှ ကာကွယ်နိုင်ပြီး လမ်းသစ်မဖောက်၊ ယန္တရားအသုံးမပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ပျက်စီးစေခြင်းမရှိပဲ သစ်လုံးတန်ချိန်များစွာ ရေအောက်မှ ပြန်လည်ရရှိနိုင်ပါသည်။

**ရေမြုပ်သစ်တူးဖော်ခြင်း၏ ရည်ရွယ်ချက်**

- လွန်ခဲ့သောနှစ်ပေါင်း တစ်ရာကျော် သို့မဟုတ် ဆယ်စုနှစ်ပေါင်းများစွာ နှစ်မြုပ်နေသည့် ရေမြုပ်သစ်အဖိုးတန်သယံဇာတ များကို ပြန်လည်ဖော်ထုတ်နိုင်ခြင်း၊
- သစ်တောများမှ သစ်ခုတ်ယူခြင်းမဟုတ်သဖြင့် သစ်တောပြုန်းတီးမှု ကာကွယ်နိုင်ပြီး၊ သစ်တောရှိ သစ်ပင်များကို မခုတ်ယူသောကြောင့် သဘာဝ တောအုပ် ဧကထောင်ပေါင်း များစွာကို ထိန်းသိမ်းထားနိုင်ခြင်း၊
- သစ်တောအတွင်း ကျက်စားနေထိုင်သောဆင်များ၊ သမင်များ၊ လိပ်ပြာများ၊ ငှက်များ၊ ပျားများစသည့် ဇီဝမျိုးစုံမျိုးကွဲများစွာကို ထိန်းသိမ်းနိုင်ခြင်း၊
- ရာစုနှစ်များစွာ ရေအောက်တွင်မြုပ်နေသော ရေမြုပ်သစ်လုံးများ ပျက်စီးသွားမည့်အစား ဆယ်ယူ ထုတ်ဖော်ခြင်းဖြင့် တိုင်းပြည်အတွက် များစွာအကျိုးရှိမည်ဟု ယုံကြည်ခြင်း၊
- သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ပျက်စီး စေခြင်းမရှိပဲ သစ်လုံးတန်ချိန် ထောင်ပေါင်းများစွာ ပြန်လည်ရရှိ၍ ပြည်ပနိုင်ငံများသို့ သစ်တင်ပို့မှုကို စဉ်ဆက်မပြတ် ပြုလုပ်နိုင်၍ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေခြင်း၊
- ရေမြုပ်သစ်လုံးများဆယ်ယူပြီးပါက ချင်းတွင်းမြစ်ကို သန့်ရှင်းလာခြင်းနှင့်သဘာဝမြစ်ကြောင်း အတွင်းမှ ရေစီးဆင်းစေခြင်း၊ မြစ်ရေလျှံခြင်းကို ဖြစ်ပေါ်စေသော သစ်လုံးများကို ဖယ်ရှားခြင်းသည် လွန်စွာ အကူအညီ ဖြစ်စေသည်၊ ရေလျှံခြင်းသည် ချင်းတွင်းမြစ် ကမ်းနဘေးတွင်ရှိသောကျေးရွာများကို ရေလွှမ်းမိုးခြင်း၊ နှစ်စဉ် ထောင်ပေါင်း များစွာလူများအား ပြောင်းရွှေ့စေခြင်းနှင့် နေထိုင်သူများအတွက် ဆုံးရှုံးမှုကို ဖြစ်စေ ကာကွယ်နိုင်ခြင်း၊ ရေယာဉ်များ သွားလာမှုကို အထောက်အကူပြုနိုင်ခြင်း၊
- ချင်းတွင်းမြစ်ကို သဘာဝအတိုင်းရေစီးဆင်းမှု ပြန်လည်ဖြစ်စေခြင်းသည် ရေနေသတ္တဝါများနှင့် ငါးများကိုလည်း အထောက် အကူပြုခြင်း

နစ်မြုပ်နေသော သစ်လုံးများကို ဆယ်ယူခြင်းသည် များစွာသောလုပ်ငန်းသုံးနှင့် ကိုယ်ပိုင် ရေယာဉ်များ သွားလာမှုကို ကောင်းမွန်စေပါလိမ့်မည်။ နစ်မြုပ်နေသောသစ်လုံးများနှင့် အပျက်အစီး များကြောင့် လှေငယ်များသည် ကြောက်စရာ ကောင်းသော အသက်ဆုံးရှုံးမှုများကို နစ်စဉ်ဖြစ် ပေါ်စေသည်။ ယခုလုပ်ငန်းသည် တစ်ဖက်တစ်လမ်းမှ အသက်များကို ကယ်တင်ရာလည်း ရောက် ပါသည်။

ဒေသခံလုပ်သားများကို အသုံးပြုမည်ဖြစ်သဖြင့် ဒေသခံများအား အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်းဖြင့် ဒေသခံမိသားစုများအား ကူညီထောက်ပံ့ရာ ရောက်ပါသည်။ လှေ၊ သင်္ဘော မောင်းနှင်သူများ၊ လှေသူကြီးများနှင့် လုပ်သားများ၊ သစ်ခုတ် ကျွမ်းကျင်သူများ၊ ဖောင်သမားများ၊ လုံခြုံရေး လုပ်သားများ၊ လွှဆွဲသမားများ နှင့် နေ့စားအလုပ်သမားများအတွက် အလုပ်အကိုင်များ ဖန်တီးပေးခြင်းဖြင့် ဒေသခံမိသားစုများအား ကူညီထောက်ပံ့ရာ ရောက်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှသစ်လုံးများပြန်လည်ဆယ်ယူရေးကုန်ကျ စရိတ်များအတွက် ကုန်ကျရန်မလိုပေ။ သို့သော် ဆယ်ယူထားသော သစ်လုံးများမှ ရရှိလာသော ဝင်ငွေများကြောင့် နိုင်ငံတော်၏ GDP (Gross Domestic Product) တိုးတက်စေခြင်း သာမက နိုင်ငံတော် ဘတ်ဂျက် အတွက် အသုံးပြုနိုင်ပါသည်။ ဥပမာ ဆေးရုံများအတွက် အသုံးပြုနိုင်ခြင်းဖြင့် အားလုံးအတွက် ပိုမို ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်သည်။ ကျောင်းများကို မွမ်းမံမှု ပြုလုပ်နိုင်ပြီး ပိုမိုကောင်းမွန်သော ကျောင်းအသစ်များကို တည်ဆောက်နိုင်ကာ လမ်းများကို ကောင်းမွန် စေနိုင်သည်။ ရွာများလျှပ်စစ်မီးရရှိကာ သန့်ရှင်းသောရေကို ရယူနိုင်ပါလိမ့်မည်။ ဤစီမံကိန်းသည် မြစ်အောက်ကြမ်းပြင် မှ သစ်လုံးအဟောင်းအချို့ကို ရှာယူရုံသက်သက်မဟုတ်ပါ။

နစ်မြုပ်သစ်လုံးဆယ်ယူသော လုပ်ငန်းဆောင်ရွက်နေမှုများအား မှတ်တမ်းတင် ဗွီဒီယို ရိုက်ကူးကာ နိုင်ငံတကာသို့ထုတ်လွှင့် ပြသနိုင်ခြင်းဖြင့် ချင်းတွင်းမြစ်ကြောင်း ဒေသများအကြောင်း နိုင်ငံတကာမှ ပိုမိုစိတ်ဝင်စားလာပြီး ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်သော သဘာဝ ခရီးသွားလုပ်ငန်း(Ecotourism)တစ်ခု ဖြစ်လာနိုင်ခြင်း။ ဒေသခံလူမျိုးများအတွက် ခရီးသွားလုပ်ငန်း အခွင့်အလမ်းများကို ဖန်တီးနိုင်ခြင်း အတွက်လည်း ရည်ရွယ်ပါသည်။

Great Golden Empire Company သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ကြောင်းရှိ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ် နှင့် ကလေးဝမြို့နယ် တို့တွင် အကောင် အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းသည် ရေအဆုံး၊ ကုန်းတစ်ဝက်ဆိုသကဲ့သို့ ရေနစ်မြုပ် ဆုံးရှုံးနေသော **သယံဇာတ**များကို ပြန်လည် ရရှိပြီး တိုင်းပြည်အတွက် အကျိုးရှိအောင် အသုံးချနိုင်ရန်အတွက်

ရည်ရွယ် ပါသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ဓါတု ပစ္စည်းအသုံးပြုမည့် လုပ်ငန်းစဉ်လည်း ပါဝင်ခြင်းမရှိပါ။

# အခန်း (၁)

# စီမံကိန်းအကြောင်းအရာဖော်ပြချက်

# (Project Description)

**၁-၁။ စီမံကိန်းအကြောင်းမိတ်ဆက်**

**ဇယား ၁-၁။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပြုစုသူ အဖွဲ့ဝင်များ**

| စဉ် | ပညာရှင်များ | ကျွမ်းကျင်မှုနယ်ပယ် | တာဝန် |
|---|---|---|---|
| ၁ | ဒေါ်ခင်ဥမ္မာထွေး | လူမှုစီးပွား | အဖွဲ့ခေါင်းဆောင် |
| ၂ | ဦးဝင်းနိုင်ထွန်း | ဥပဒေ၊ ယဉ်ကျေးမှု | ဒု-ခေါင်းဆောင် |
| ၃ | ဦးစိန်ထွန်း | Hydrologist | အကြံပေး |
| ၄ | ဒေါ်မြင့်မြင့်စိုး | Ecologist | အဖွဲ့ဝင် |
| ၅ | ဒေါ်စုစုမွန် | လူမှုစီးပွား | အဖွဲ့ဝင် |
| ၆ | ဒေါက်တာဘိုဘိုလင်းနိုင် | ပြည်သူ့ကျန်းမာရေး | အဖွဲ့ဝင် |
| ၇ | ဦးသိန်းဇော်လတ် | GIS Specialist | အဖွဲ့ဝင် |
| ၈ | ဦးဒီလိုင်းဇော် | Physical Specialist | အဖွဲ့ဝင် |
| ၉ | ဦးချမ်းသာ | Physical Specialist | အဖွဲ့ဝင် |
| ၁၀ | ဦးဇော်မင်းထွေး | ပညာရေး | အဖွဲ့ဝင် |
| ၁၁ | ဦးကျော်ဝင်း | ယာဉ်မောင်း | |
| ၁၂ | ဦးဆန်ဆန် | ယာဉ်မောင်း | |

## ၁-၂။ စီမံကိန်းပိုင်ရှင်အကြောင်း နှင့် စီမံကိန်းအကျဉ်းချုပ်

**အခြေခံအချက်အလက်များ**

1. Company Name : Great Golden Empire Co Ltd
2. Type of Company : Timber and Travel Business
3. Date of incorporation : 12 June 2014
4. Address : No. 85B, Thu Ra Tha Ti Street
   Ward 8, Mayangone Township,
   Yangon, Myanmar
5. Contact Person : Mrs. Sandar Aung
6. Contact Number : 09-503 6992
7. Fax : N.A.
8. Email : sandarsteber@gmail.com
9. Website : http://greategoldenempiregroup.com

**ဒါရိုက်တာအဖွဲ့ဝင်များ**

1. Mr. Robert George Steber
2. Mrs. Sandar Aung
3. Mr. Charles Aung Steber

**စီမံခန့်ခွဲဦးဆောင်သူအဖွဲ့**

1. CEO : Mrs. Sandar Aung
2. Director : Mr. Robert George Steber
3. Director : Mr. Charles Aung Steber

**ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းအချက်အလက်များ**

1. Total Investment : 2 Millions USD
2. Total Employment (Foreigner) : 2%
3. Total Employment (Local) : 98%

4. Business Activities : Timber and Tourism

5. Product : Timber logs

6. Type of Contract : N.A.

7. Contract Term : N.A.

8. Contract Extension : N.A.

9. Further extension : N.A.

10. Branch office : Kalewa, Mawlaik and Paung Pyin

11. Work site Location : Kalewa, Mawlaik & Paung Pyin Townships

**ခွင့်ပြုမိန့်အမျိုးအစား**

1. MIC Permit : N.A.

2. Ministry's Permit : Still waiting

3. Company Registration : 113969652

4. Form of Permit :

5. Exporter/ Importer Reg. : 33802

6. UMFCCI membership :

**အခြားအချက်အလက်များ**

1. Parent company : Great Golden Empire Co., Ltd.

2. Parent Company Address : Yangon Office Address
   No. 85(B), Thu Ra Tha Tee Street,
   Ward (8), Mayangon Township
   Yangon, Myanamar

3. Site Office Address : Kalewa, Mawlaik, Paung Pyin

4. Project Period : Project Period – From Month,
   2019 – Month, 2024 – 5 years,
   with yearly renewal basis

5. Materials used (including fuel) : Fuel, Engine Oil

### ၁-၃။ စီမံကိန်းတည်နေရာ

ဂရိတ်ဂိုးလ်ဒင်းအင်ပါယာကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေမြုပ်သစ်တူးဖော်မည့် နေရာများမှာ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ် လောင်ကောင်း၊ တွန်းပင် နှင့် ကလေးဝမြို့နယ် ပလူဇဝ ရွာများအနီး နှင့် ဖောင်းပြင်မြို့နယ် နန်းမော်လိုက်နှင့် သရောင်းရွာများအနီးဖြစ်ပါသည်။

ရေမြုပ်သစ်တူးဖော်ရန် အဆိုပြုနေရာများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ရည်ညွှန်းချက်ပါစာ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်နေ့ ရက်စွဲပါ စာအမှတ် ၂၄/ ရလထ/ ဒေသ (၆) ၇၀၂၆/ ၂၀၁၇နှင့် တည်နေရာပြမြေပုံ (၅) ပုံအား အခန်း (၂) တွင် ဖော်ပြထားပါသည်။

### ၁ -၄။ စီမံကိန်း၏ မြေပြင်ဧရိယာ နှင့် ရေပြင်ဧရိယာ အကျယ်အဝန်း

စီမံကိန်းမှ ဆယ်ယူတူးဖော်ရရှိသော သစ်လုံးများအား မြန်မာ့သစ်လုပ်ငန်းသို့ အပ်နှံပါမည်။ ထို့ကြောင့် စီမံကိန်းအတွက် လိုအပ်သော မြေပြင်ဧရိယာမှာ ဆယ်ယူရရှိသော နစ်မြုပ်သစ်များကို စုပုံထားရန် အတွက်ဖြစ်ပြီး လက်ရှိအသုံးပြုနေသော အောက်ပါသစ်ဆိပ်များတွင် ယာယီထားရှိပါသည်။ ထို့ကြောင့် မြေယာ ရယူရန် လိုအပ်မည်မဟုတ်ပဲ မြန်မာ့သစ်လုပ်ငန်းပိုင်မြေ ပေါ်တွင်သာ ထားရှိမည်ဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းများအတွက် ရေမြုပ်သစ်များရှာဖွေခြင်းကို အောက်ပါ ကျေးရွာများအနီးရှိ ရေပြင် ဧရိယာများတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ ဧရိယာများမှ ခန့်မှန်းတွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။ အောက်ပါဇယား ( ၁-၁ ) နှင့် (၁-၂) တွင် ကြည့်နိုင်သည်။

ဇယား -၁-၁

| စဉ် | မော်လိုက်မြို့နယ် | ခန့်မှန်းရေပြင် ဧရိယာ |
|---|---|---|
| ၁ | လောင်ကောင်း | ၁၀၀၀ ဧက |
| ၂ | တွန်းပင် | ၁၈၀၀ ဧက |
| | ကလေးဝမြို့နယ် | |
| ၃ | ပလူဇဝ | ၁၃၀၀ ဧက |
| | **စုစုပေါင်း** | **၄၁၀၀ ဧက** |

ဇယား-၁-၂

| စဉ် | ဖောင်းပြင်မြို့နယ် | ခန့်မှန်းရေပြင် ဧရိယာ |
|---|---|---|
| ၁ | နန်းမော်လိုက် | ၂၀၀၀ ဧက |
| ၂ | သရောင်း | ၂၃၀၀ ဧက |
| | **စုစုပေါင်း** | **၄၃၀၀ ဧက** |

**၁-၅။ စီမံကိန်းကာလ**

စီမံကိန်းကာလမှာ ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခု နှစ်အထိ (၅) နှစ် လျာထားပါသည်။ သို့ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ဝန်ကြီးဌာနများ၊ ပူးပေါင်းဆောင်ရွက်မည့်ဌာနများနှင့် Memorandum of Agreement (MOA) ထိုးပြီးမှသာ အတည်ဖြစ်ပါမည်။

ရေမြုပ်သစ်တူးဖော်လုပ်ငန်းကို ရာသီဥတု ဆိုးဝါး၍ လမ်းပန်းဆက်သွယ်မှု ခက်ခဲ၍ ရေကြီးသော မုတ်သုန်ရာသီများမှလွဲ၍ ရာသီဥတုကောင်းမွန်သော ပွင့်လင်းရာသီမှ စ၍ပြုလုပ်၍ ဤစီမံကိန်းကို အမြန်ဆုံးစတင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အသိပေး တင်ပြအပ်ပါသည်။

လုပ်ငန်းဆောင်ရွက်မည့်လများ

(၁) ဇန်နဝါရီလ

(၂) ဖေဖော်ဝါရီလ

(၃) မတ်လ

(၄) ဧပြီလ

(၅) မေလ

(၆) ဇွန်လ

(၇) စက်တင်ဘာလ

(၈) အောက်တိုဘာလ

(၉) နိုဝင်ဘာလ

(၁၀) ဒီဇင်ဘာလ

လုပ်ငန်းရပ်ဆိုင်းထားမည့်လများ**မှာ -** (၁) ဇူလိုင်လ (၂) ဩဂုတ်လ

**၁-၆။ အဆောက်အဦးအရေအတွက်**

ဂရိတ်ဂိုးလ်ဒင်းအင်ပါယာကုမ္ပဏီလီမိတက်၏ အဆိုပြု ရေမြုပ်သစ်တူးဖော်ဆယ်ယူမည့် လုပ်ငန်းသည် ချင်းတွင်းမြစ်အတွင်း နှင့် ချင်းတွင်းမြစ်ကမ်းပါးဘေးတွင် ဆောင်ရွက်မည့် လုပ်ငန်းဖြစ်ပါသည်။ လုပ်ငန်း ဆောင်ရွက်မည့်နေရာတိုင်း အနီးတွင် ယာယီ အဆောက်အဦများကို အောက်ပါအတိုင်း ဆောက်လုပ်ရန် ဖြစ်ပါသည်။

**ဇယား ၁-၃။ ဆောက်လုပ်မည့် အဆောက်အဦများ**

| စဉ် | အဆောက်အဦအမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | ရုံးခန်း၊ နားနေခန်း နှင့် လုပ်သားဆောင် | ၅ |
| ၂ | မီးဖိုဆောင် နှင့် ထမင်းစားဆောင် | ၅ |
| ၃ | အိမ်သာ | ၁၀ |
| ၄ | လောင်စာဆီသိုလှောင်ရုံ | ၅ |
| ၅ | ပစ္စည်းသိုလှောင်ရုံ | ၅ |
| ၆ | ရှင်းလင်းဆောင် | ၅ |
| | **စုစုပေါင်း** | **၃၅** |

**၁-၇။ မြေအောက်ရေ နှင့် အကွာအဝေး**

မြေအောက်ရေ တွေ့ရှိနိုင်သော ရင်းမြစ် (၂) မျိုးတွေ့ရပါသည်။ ပထမရင်းမြစ်မှာ Alluvial တွင်တွေ့ရသော perched water level ဖြစ်သော Temporary water level မှ အနက်ပေ ၂၀-၄၀ အတွင်း တွေ့ရှိရပါသည်။ ဒုတိယရင်းမြစ်မှာ Aquifer မှ ထုတ်ယူနိုင်သော Permanent water level ဖြစ်ပြီး အနက်ပေ (၂၅၀) ခန့်မှ ထုတ်ယူနိုင်ပါသည်။ ကျေးရွာများ ရှိ လက်တူးတွင်းများ နှင့် အဝီစိစက်တူးတွင်းများအား လေ့လာတင်ပြခြင်း ဖြစ်ပါသည်။

**၁-၈။ သုံးစွဲမည့် ဓါတုပစ္စည်းများ အပါအဝင် ကုန်ကြမ်းပစ္စည်းများ**

အဆိုပြုလုပ်ငန်းသည် ချင်းတွင်းမြစ်အတွင်းမှ ကာလရှည် နစ်မြုပ်နေသော သစ်လုံးများကို တူးဖော်မည့် လုပ်ငန်းဖြစ်ပါသည်။ လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဓါတုပစ္စည်း သုံးစွဲရန်မလိုပါ။ သို့ရာတွင် သစ်လုံးဆယ်ယူမည့်ယာဉ်အသုံးပြုရန်အတွက် လောင်စာဆီဖြစ်သော ဒီဇယ်ဆီ နှင့်

အင်ဂျင်ဝိုင်ဆီများ အသုံးပြုမည်ဖြစ်ပါသည်။ အဆိုပါဆီများကိုလည်း သီးသန့်ဆောက်လုပ်ထားသော လောင်စာဆီသိုလှောင်ရုံတွင် စနစ်တကျ သိုလှောင်ထားရှိ မည်ဖြစ်ပါသည်။

**၁-၉။ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအဆင့်ဆင့်**

(၁) ပထမဦးစွာ ရေမြုပ်သစ်တူးဖော်ရန် စံချိန်မီ ကိုက်ညီသည့် အထူးပြုလုပ်ထားသည့် မော်တော်ဘုတ်တွင် နောက်ဆုံးပေါ် Sonar and CCTV ကို တပ်ဆင်၍ ခေတ်မီနည်းပညာများဖြင့် လွန်ခဲ့သော နှစ်ပေါင်းများစွာမှ ရွှံ့နွံများအတွင်း (၃၀) ပေကျော်ခန့်အထိ နစ်မြုပ်နေခဲ့သော သစ်လုံးများအား တစ်လုံးချင်း အတိအကျ ရှာဖွေဆယ်ယူပါမည်။

(၂) ထိုနောက် မော်တော်ဘုတ်ကို သတ်မှတ်ထားသော position တွင် ကျောက်ချပြီး ခေတ်မီ scuba mask တပ်ဆင်ထားသော ကျွမ်းကျင်ရေငုတ်သမားများအား ဆင်းငုတ်စေပါသည်။ ရေငုတ်သမား သည် ၎င်း၏ Special Mask တွင် တပ်ဆင်ထားသေ sophisticated underwater microphone မှ တဆင့် Boat ပေါ်မှ တာဝန်ရှိသူများအား သစ်လုံးတွေ့ရှိမှုကို အကြောင်းကြားသတင်းပို့ပါမည်။

(၃) မော်တော်ဘုတ်ပေါ်မှ တွေ့ရှိသစ်လုံးများအား Winch (ဝန်ချီစက်) ဖြင့် ဆွဲတင်ချိတ်ယူ ဖော်ထုတ်ပါမည်။ ဤနည်းလမ်းကို အသုံးပြုခြင်းဖြင့် ရေငုတ်သမားများအား ကြီးမားသော လုံခြုံစိတ်ချမှုပေးနိုင်ပါသည်။

(၄) သစ်လုံးများကို ချိတ်ယူ ဆွဲတင်ပြီးချင်း သစ်လုံးတစ်လုံးချင်း ဆယ်ယူမှုအား video ၊ ဓါတ်ပုံများဖြင့် မှတ်တမ်းတင်ပါမည်။

(၅) ဆယ်ယူရရှိသော သစ်လုံးများကို ရေယာဉ်ဖြင့် ဆွဲယူသွားပြီး အနီးဆုံးသတ်မှတ်ထားသော ဆယ်ယူရရှိသော သစ်လုံးများထားရှိရမည့် သစ်ဆိပ်တွင် မြန်မာ့သစ်လုပ်ငန်းသို့ အပ်နှံထားရှိပါမည်။

(၆) မြန်မာ့သစ်လုပ်ငန်း နှင့် ဂရိတ်ဂိုးလ်ဒ်င်းအင်ပါယာကုမ္ပဏီတို့မှ သစ်လုံးတစ်လုံးချင်းတွင် အမှတ် အသားများ မှတ်သားထားရှိ စာရင်းသွင်းပါမည်။

## ၁-၁၀။ အသုံးပြုမည့် စက်၊ ယန္တရားများစာရင်း

ဇယား ၁-၄။ အသုံးပြုမည့် စက်ပစ္စည်းစာရင်း

| Sr. | Type of Machines, Vessels, Facilities | Quantity | Remarks |
|---|---|---|---|
| 1 | Fiberglass boat with motor | 2 | |
| 2 | Wood boats with motor | 4 | |
| 3 | Underwater camera | 2 | |
| 4 | State-of- the- art – large Sonar | 2 | |
| 5 | State- of- the- art – small Sonar | 2 | |
| 6 | Land Rover | 1 | |
| 7 | Alphard | 1 | |
| 8 | CCTV | 25 | |
| 9 | Computer hardward and software | 5 | |
| 10 | Underwater Paver drill | 1 | |
| 11 | Underwater lights | 2 | |
| 12 | Floatation Bag | 20 | |
| 13 | Hooks | 6 | |
| 14 | Diver Equipment | 15 | |

## ၁-၁၁။ အသုံးပြုမည့် လုပ်သားအရေအတွက်

ဇယား ၁-၅။ ခန့်ထားမည့်လုပ်သားအင်အား

| စဉ် | ရာထူး/ တာဝန် | အရေအတွက် |
|---|---|---|
| ၁ | စီမံကိန်းမန်နေဂျာ | ၁ |
| ၂ | မန်နေဂျာ | ၅ |
| ၃ | အကြံပေး | ၂ |
| ၄ | ရေငုပ်သမား | ၁၀ |
| ၅ | လှေဦးစီး | ၅ |
| ၆ | အထွေထွေလုပ်သား | ၂၅ |
| ၇ | စာရင်းကိုင် | ၄ |
| ၈ | ဥပဒေအကြံပေး | ၁ |
| ၉ | လုံခြုံရေး | ၅ |
| | စုစုပေါင်း | ၅၈ |

### ၁-၁၂။ တစ်ရက်အလုပ်လုပ်ချိန်

လုပ်သားများ တစ်ရက် အလုပ်လုပ်ချိန်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ထုတ်ပြန်ထားသော အလုပ်သမားဥပဒေများအတိုင်းလိုက်နာသွားပါမည်။

**ဇယား ၁-၆။ အလုပ်အချိန်ဇယား**

| | |
|---|---|
| **အလုပ်စတင်ချိန်** | နံနက် (၈) နာရီ |
| **နေ့လည်စာစားဆင်းချိန်** | မွန်းတည့် (၁၂) နာရီ |
| **နေ့လည် အလုပ်ပြန်စချိန်** | နေ့လည် (၁) နာရီ |
| **ညနေ အလုပ်ဆင်းချိန်** | ညနေ (၅) နာရီ |
| **စုစုပေါင်း အလုပ်ချိန်** | (၈) နာရီ |
| **အချိန်ပိုအလုပ်ချိန်** | ဥပဒေပြဌာန်းချက်ပါအတိုင်းဖြစ်ပါသည် |

### ၁-၁၃။ တူးဖော်ဆယ်ယူမည့်သစ်လုံးနှင့် ခန့်မှန်းထွက်ရှိမှု

ဇယား ၁-၇။ နစ်မြုပ်သစ်လုံးတူးဖော်ရန် ဒေသအလိုက်တည်နေရာနှင့် ရရှိမည့် ခန့်မှန်းတန်ချိန်

| **စဉ်** | **မြို့နယ်** | **ကိုသြဒိနိတ်** | ခန့်မှန်းသစ်လုံးတန် |
|---|---|---|---|
| | ဖောင်းပြင်မြို့နယ် | | |
| ၁ | နန်းမော်လိုက် | 24°12'29.90"N 94°40'45.87"E | (၃၀၀)တန်မှ (၆၀၀)တန် |
| ၂ | သရောင်း | 24°20'55.30"N 94°48'24.79"E | (၃၀၀)တန်မှ (၆၀၀)တန် |
| | မော်လိုက်မြို့နယ် | | |
| ၃ | လောင်းကောင်း | 23°39'9.01"N 94°25'59.66"E | (၃၀၀)တန်မှ (၄၅၀)တန် |
| ၄ | တွန်းပင် | 23°41'38.01"N 94°24'33.23"E | (၃၀၀)တန်မှ (၆၀၀)တန် |
| ၅ | ပလူဇဝ | 23°27'23.45"N 94°20'20.88"E | (၂၅၀)တန်မှ (၆၀၀)တန် |
| | **စုစုပေါင်း** | | **(၁၄၅၀) တန်မှ (၂၈၅၀) တန်** |

### ၁-၁၄။ တစ်နှစ်အတွက် လောင်စာဆီလိုအပ်ချက်

ဇယား ၁-၈။ တစ်နှစ်အတွက် လောင်စာဆီ လိုအပ်ချက်

| စဉ် | စက်/ယာဉ်အမျိုးအစား | အရေအတွက် | Gal/Hr | Gal/Day | Gal/Year | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | မော်တော်ကား | ၂ | ၆ | ၂၀၀ | ၁၂၀၀ | ဓါတ်ဆီ |
| ၂ | ရေယာဉ် | ၆ | ၁၈ | ၁၀၈ | ၂၁၆၀၀ | ဒီဇယ် |

## ၁-၁၅။ လုပ်ငန်းဆောင်ရွက်မှုကြောင့် ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်း

အဆိုပြုလုပ်ငန်းသည် မြစ်ကြောင်းအတွင်း နစ်မြုပ်နေသော သစ်လုံးများကို ဆယ်ယူသည့်လုပ်ငန်း ဖြစ်ပါသည်။ ထို့ကြောင့် ထွက်ရှိလာသောသစ်လုံးများတွင် စွန့်ပစ်ရန်ပစ္စည်းမရှိပါ။ သို့သော် လုပ်ငန်းတွင် ဆောင်ရွက်နေသော လုပ်သားများမှ စားကြွင်း၊ စားကျန်များ၊ လူသုံးပစ္စည်းများ နှင့် စွန့်ထုတ်သော ပစ္စည်းများရှိပါမည်။ အဆိုပါပစ္စည်းများကို စနစ်တကျ မြေမြှုပ်စွန့်ပစ်ပါမည်။ ထို့ပြင် စက်ပစ္စည်းများကို အသုံးပြုသောကြောင့် အင်ဂျင်ဝိုင်အဟောင်းများ၊ ဆီချေးများ နှင့် အဝတ်စုတ်များ ထွက်ရှိနိုင်ပါသည်။ အဆိုပါ ပစ္စည်းများကိုလည်း လုံခြုံစိတ်ချရသော ပုံးများ၊ ကန်များတွင် ထိန်းသိမ်းထားပြီး သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာရေးကော်မီတီနှင့် ဆက်သွယ် စွန့်ပစ်သွားမည်ဖြစ်ပါသည်။

## ၁.၁၆။ တူးဖော်ခြင်း၊ အပ်နှံခြင်း၊ သယ်ယူပို့ဆောင်ခြင်း

တူးဖော်ရရှိမည့် သစ်လုံးများကို မြန်မာ့သစ်လုပ်ငန်း၏လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်း အပ်နှံ၊ စစ်ဆေးတိုင်းတာရပါမည်။ထိုနောက် သစ်အမျိုးအစားနှင့် အတန်းအစားခွဲသတ်မှတ်ပြီး တံဆိပ်များ ရိုက်နှိပ်ခြင်း (Marking) ကို မြန်မာ့သစ်လုပ်ငန်းမှဆောင်ရွက်ပြီး သတ်မှတ်ပေးထားသည့် နေရာသစ်ဆိပ်၊ ယာယီစခန်းသို့ သယ်ယူအပ်နှံရပါမည်။

တူးဖော်ရရှိသည့် သစ်လုံးများ၏ မူလအမှတ်အသား၊ လုံးပတ်၊ ပေအရှည် နှင့် တူတံဆိပ်များကို တစ်လုံးချင်းစီကို မှတ်တမ်းတင်ထားရှိပါမည်။

တူးဖော်ရရှိသည့် သစ်လုံးများကို စစ်ဆေးတိုင်းတာပြီး လိုအပ်သော ကုမ္ပဏီအမှတ်တံဆိပ်များ သစ်လုံးတိုင်းပေါ်တွင် ရိုက်နှိပ်ပါမည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် မြန်မာ့သစ်လုပ်ငန်းမှ သစ်များနှင့် တူးဖော်ရရှိသောသစ်များ ရောနှောမှုမရှိစေရန်အတွက် ရည်ရွယ်ပါသည်။

တူးဖော်ရရှိသည့် သစ်လုံးများကို မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ပေးအပ်ခြင်းခံရသူက စစ်ဆေးတိုင်းတာရန် ယာယီလက်ခံပြီးလျှင် ၄င်းသစ်လုံးများကို သစ်လုပ်ငန်း သတ်မှတ်သစ်ဆိပ်သို့ ပို့ဆောင်ပေးပါမည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (သို့) မြန်မာ့သစ်လုပ်ငန်းနှင့် Great Golden Empire Co., Ltd. တို့ နစ်မြုပ်သစ်တူးဖော်သည့် စီမံကိန်းအပေါ် အကျိုးအမြတ် ခွဲဝေမှုအကျိုးတူစာချုပ်အရ ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်ပါမည်။



ရေမြုပ်သစ်ဆယ်ယူရာတွင် အသုံးပြုမည့် ရေယာဉ်



ရေအောက်ကြည့် အထူးကင်မရာမှ နေအောက်အနက်ပေ (၃၀၀) မှ ကြည်လင်ပြတ်သား
သော ပုံများရိုက်ယူနိုင်သည်။




မော်လိုက်အနီး ချင်းတွင်းမြစ်ကြမ်းပြင်မှ သစ်လုံးအား Sonar ကိရိယာတွင် တွေ့ရပုံ

## ၁.၁၇။ ရေငုတ်သမားများ၏ လုံခြုံစိတ်ချရမှု ဆောင်ရွက်ခြင်း

မော်တော်ဘုတ်ပေါ်တွင် သန့်ရှင်းကောင်းမွန်သော air compressors အသစ်များတပ်ဆင်ပြီး သန့်ရှင်းသော အောက်ဆီဂျင်ကို ရေငုပ်သမားများအား ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ ရေအောက်မှ ရေငုတ်သမားများအား အောက်ဆီဂျင်ထောက်ပံ့မှု လုံခြုံစိတ်ချစေမည်ဖြစ်ပါသည်။

ရေငုတ်သမားများ (Divers)နှင့် ဝန်ထမ်းများ၏ ရေပေါ်ရေအောက်လုံခြုံရေးသည် GGE ၏အဓိက အရေးကြီးသည့် အချက်ဖြစ်ပါ၍ လုံခြုံရေးအတွက် အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ထားပါသည်။ ရေမြုပ်သစ်တူးဖော်သော မော်တော်ဘုတ်တိုင်းတွင် First Aid ပစ္စည်းများထားရှိပါသည်။

## ၁-၁၈။ သင်တန်းများပေးခြင်းနှင့်အသက်အာမခံများဆောင်ရွက်ပေးခြင်း

ရေငုပ်ကျွမ်းကျင်သူများမှ လုပ်သားများနှင့်ရေငုပ်သမားများအား SAFETYသင်တန်းများပေးခြင်း၊ အလုပ်သမားများအတွက် အသက်အာမခံဆောင်ရွက်ပေးခြင်းများကိုဆောင်ရွက် ပေးပြီးမှသာ လုပ်ငန်းခွင် သို့စေလွှတ်ပါမည်။

## ၁-၁၉။ အသုံးပြုမည့်ကိရိယာများ

| | |
|---|---|
|  |  |
|  |  |
|  |  |

# အခန်း (၂)

## မြေပုံနှင့် ကားချပ်များ (Maps and Layout Plans)




ပုံ ၂-၁။ နစ်မြုပ်သစ်လုံးများရှာဖွေ ဆယ်ယူမည့် နေရာပြမြေပုံ




ပုံ ၂-၂။ လောင်းကောင်းဆိပ်မြေပုံ




ပုံ ၂-၃။ နန်းမော်လိုက်ဆိပ်မြေပုံ




ပုံ ၂-၄။ သရောင်းဆိပ်မြေပုံ



ပုံ ၂-၅။ တွန်းပင်ဆိပ်မြေပုံ




ပုံ ၂-၆။ ပလူဇဝဆိပ်မြေပုံ

# အခန်း (၃)

# ကတိကဝတ်များ (Commitment by Project Proponent)

**၃-၁။ သဘာဝပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှုများအတွက် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ သတ်မှတ်ထားသော ဥပဒေ နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်များအား လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက်**

သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုများအတွက် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ သတ်မှတ်ထားသော ဥပဒေ နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်များအား လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**GREAT GOLDEN EMPIRE COMPANY LIMITED**
No.85(B), Thura Tha Ti Street, Ward (8), Mayangone Township, Yangon, Myanmar.
Tel : 951-662960, 959-5036992, 959-767458611, Hot Line : 959-253083520
Email : ggempire2014@gmail.com, sandarsteber@gmail.com, ggetours@gmail.com
Website : www.teak.net, www.ggetours.com

## ကတိကဝတ်များ (Commitment by Project Proponent)

သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများအတွက် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မှ သတ်မှတ်ထားသော ဥပဒေ နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်များအား လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက်

ဂရိတ်ဂိုးလ်ဒင်းအင်ပါယာ ကုမ္ပဏီလီမိတက်၏ (Great Golden Empire Co.,Ltd) စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ် တွန်းပင်၊ လောင်ကောင်း၊ ဖောင်းပြင်မြို့နယ် သရောင်း၊ နန်းမော်လိုက် နှင့် ကလေးဝမြို့နယ် ပလူဇဝ တို့တွင် ရှာဖွေတူးဖော် ဆယ်ယူမည့် ရေမြုပ်သစ်လုံးများ ဆယ်ယူရေးလုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် လုပ်ငန်းလုပ်ဆောင်ရာတွင် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ နှင့် အတူ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (EMP) ပါ ဖော်ပြထားသော ဆောင်ရွက်ရမည့် လုပ်ငန်းများအား အပြည့်အဝ အစဉ်အမြဲ လိုက်နာသွားမည်ဖြစ်ပြီး လုပ်ငန်း ပိတ်သိမ်းချိန်တွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ ရှိခဲ့ပါက ထိခိုက်မှုများ အတွက် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန နှင့် နိုင်ငံတော် မှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများ အတိုင်း တာဝန်ယူမည်ဖြစ်ကြောင်း ကတိပြုပါသည်။

ဂရိတ်ဂိုးလ်ဒင်းအင်ပါယာ ကုမ္ပဏီလီမိတက်သည် အောက်ဖော်ပြပါအချက်များသည် မှန်ကန်ကြောင်း နှင့် လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(က) ဤ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာသည် တိကျခိုင်မာကြောင်း နှင့် ပြည့်စုံကြောင်း။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ထားပါကြောင်း။

(ဂ) အစီရင်ခံစာပါ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေး လုပ်ငန်းများနှင့်အစီအစဉ်များကို အပြည့်အဝ အစဉ်အမြဲ လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

(ဃ) တူးဖော်ဆယ်ယူရန် ခွင့်ပြုမိန့်ရရှိခဲ့ပါက ခွင့်ပြုမိန့်တွင် ပါဝင်သော စည်းကမ်းချက်များကို လိုက်နာပါမည်။

(င) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ နှင့် နိုင်ငံတော် ၏ တည်ဆဲဥပဒေများ အားလုံးကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးပါသည်။

SANDAR AUNG
CEO
GREAT GOLDEN EMPIRE CO., LTD.

ဒေါ်စန္ဒာအောင်
CEO
ဂရိတ်ဂိုးလ်ဒင်းအင်ပါယာ ကုမ္ပဏီလီမိတက်
Contact Number: 09-5036992
Email : sandarsteber@gmail.com
Website : http://greatgoldenempiregroup.com

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပြုစုရေးသားသူ၏ ကတိဝန်ခံချက်

ဤသဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ် အစီရင်ခံစာပါအချက်များသည် တိကျခိုင်မာကြောင်း နှင့် ပြည့်စုံကြောင်း ကတိပြုပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း အပါအဝင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ထားပါသည်။

ဒေါ်ခင်ဥမ္မာထွေး
အဖွဲ့ခေါင်းဆောင်
အစီရင်ခံစာရေးသားပြုစုသူ

ဦးဝင်းနိုင်ထွန်း
ဒု-အဖွဲ့ခေါင်းဆောင်
အစီရင်ခံစာရေးသားပြုစုသူ

# အခန်း (၄)

# မူဝါဒ၊ ဥပဒေ နှင့် မူဘောင်များ (Policies and Legislations)

### ၄-၁။ မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာပေါ်လစီ

မြန်မာနိုင်ငံတော်အစိုးရသည် အမျိုးသားအဆင့်ပတ်ဝန်းကျင်ဆိုင်ရာ ပေါ်လစီကို ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ အဆိုပါပတ်ဝန်းကျင်ဆိုင်ရာ ပေါ်လစီကို ပတ်ဝန်းကျင် ဆိုင်ရာ အမျိုးသားကော်မရှင်မှ မူကြမ်းတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

"To establish sound environment policies, utilization of water, land, forests, mineral, marine resources and other natural resources in order to conserve the environment and prevent its degradation, the Government of the Union of Myanmar hereby adopts the following policy: The wealth of the nation is its people, its cultural heritage, its environment and its natural resources. The objective of Myanmar's environmental policy is aimed at achieving harmony and balance between these through the integration of environmental considerations into the development process to enhance the quality of the life of all its citizens. Every nation has the sovereign right to utilize its natural resources in accordance with its environmental policies; but great care must be taken not to exceed its jurisdiction or infringe upon the interest of other nations. It is the responsibility of the State and every citizen to preserve its natural resources in the interests of present and future generations. Environmental protection should always be the primary objective in seeking development."

မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင် ပေါ်လစီသည် ရေ၊ မြေ၊ သစ်တော၊ တွင်းထွက်၊ ပင်လယ်သယံဇာတနှင့် အခြားသော သဘာဝသယံဇာတများကို အသုံးချရာတွင် ပတ်ဝန်းကျင်ပျက်စီးခြင်းမှ ကာကွယ်ထိန်းသိမ်းရန် အတွက် အားကောင်းသော အမျိုးသားအဆင့် ပေါ်လစီတစ်ရပ် ချမှတ်နိုင်ရေး ရည်ရွယ်ခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်မှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှု များကို ဟန်ချက်ညီပေါင်းစပ်ကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခု ဖြစ်ရန် ဦးစားပေးထားပါသည်။

## ၄-၂။ Myanmar Agenda 21

Myanmar Agenda 21 ကို ၁၉၉၇ ခု ဇွန်လတွင် ပြဋ္ဌာန်း ထုတ်ပြန်ခဲ့ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂကြီး၏ မူဘောင်ဖြစ်သော ဘက်စုံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးမှုကို ချဉ်းကပ်လိုက်နာရန်ဖြစ်ပါသည်။ Myanmar Agenda 21 တွင် အဓိကကဏ္ဍ လေးခုဖြစ်သော သဘာဝသယံဇာတများ၊ စဉ်ဆက်မပြန်လူမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ စဉဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးဆိုင်ရာ နှင့် အဖွဲ့အစည်းများ ဆိုင်ရာများ ထည့်သွင်းပါရှိပါသည်။

## ၄-၃ ။ လိုက်နာရမည့် EIA, IEE, EMP ဆိုင်ရာမူဝါဒများ

သဘာဝသယံဇာတ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မှထုတ်ပြန်ထားသော

(က) မြန်မာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)

(ခ) မြန်မာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေး နည်းဥပဒေ (၂၀၁၄)

(ဂ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)

(ဃ) အမျိုးသားပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅)

အရ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

- ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန် ထိန်းသိမ်းဆောင်ရွက်ခြင်း။
- အသံတုန်ခါမှုနှင့် လေထုညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်ခြင်း။
- အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲ စွန့်ပစ်ရန်
- စောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့များ ဖွဲ့စည်းရန်
- ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို လစဉ်မှတ်တမ်းပြုစုရန် နှင့် သက်ဆိုင်ရာ ဌာနသို့ တင်ပြရန်
- ဒေသခံများ၏ စိုက်ပျိုးမြေများကို မထိခိုက်စေရန်
- မြစ်ကမ်းပါးရှိဒေသခံများ၏ စိုက်ပျိုးခင်းများ စီမံကိန်းဆောင်ရွက်မှုကြောင့် ကမ်းပါးမပြိုအောင် ဂရုစိုက်ဆောင်ရွက်ရန်၊ ပြိုပါက တာဝန်ယူပြီး လျော်ကြေးပေး ဖြေရှင်းပေးရန်
- ကျေးရွာများ၏ ဓလေ့ထုံစံများကို လေးစားလိုက်နာရန်

- အသားတင်အမြတ်မှ ၂ % ကို လူမှုရေးဆိုင်ရာတာဝန်ယူမှု (CSR) အတွက် အသုံးပြုပါမည်။
- လုပ်ဆောင်သော နေရာအား လစဉ် ရေအရေအသွေးစစ်ဆေးရန်
- ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အခန်း (၅)၊ အပိုဒ် ၆၃ (ဇ) အား လိုက်နာဆောင်ရွက်ရန်
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ပုဒ်မ ၅၅ (က) နှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အား ရေးသားပြုစုရန်
- ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် အစီရင်ခံစာအား အခန်း (၇)၊ အပိုဒ် ၇၇ (က)(ခ)(ဂ) နှင့်အညီ လိုက်နာဆောင်ရွက်သွားရန်

**၄-၄။ လိုက်နာဆောင်ရွက်မည့် ဥပဒေ၊ နည်းဥပဒေများ**

အဆိုပြုစီမံကိန်းကို လုပ်ဆောင်ရာတွင် အောက်တွင် ဖော်ပြထားသော တည်ဆဲဥပဒေများကို လိုက်နာရန်ဖြစ်ပါသည်။ ထို့အပြင် အခါအားလျော်စွာ နိုင်ငံတော်မှ ထုတ်ပြန်သည့် ဥပဒေများ၊ စည်းမျဉ်း စမည်းကမ်းများ၊ အမိန့်များကိုလည်း လိုက်နာ ရမည်ဖြစ်ပါသည်။

- ပြည်တွင်းရေကြောင်း ဥပဒေ (၂၀၁၇)
- The Myanmar Registration of Ships Act (India Act 10, 1841, Vol VII)
- The Myanmar Carriage of Goods by Sea Act (India Act 26, 1925, Vol VII)
- ပြည်သူ့ကျန်းမာရေးဥပဒေ (၁၉၇၂)
- မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇)
- The Myanmar Merchant Shipping Act (India Act 21, 1923, Vol. VII)
- ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ (၁၉၉၅)
- မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (၂၀၁၅)
- The Water Power Act (1927)
- The Control of Smoking and Consumption of Tobacco Law (2006)
- ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်း နှင့် ကုသခြင်းဆိုင်ရာဥပဒေ (၂၀၁၅)

- Prevention and Control of Communicable Diseases Law (1995)
- ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၁)
- THE PROTECTION AND PRESERVATION OF ANCIENT MONUMENTS LAW (2015)
- The Inland Vessel Act (1917)
- The Myanmar Insurance Law (1993)
- The Law Amending the Myanmar Registration of Ships Act (2003)
- အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၂)
- ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ (၂၀၁၅)
- ဆည်မြောင်းဥပဒေ (၂၀၁၇)
- မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (၂၀၁၅)
- သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)
- မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေ
- မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ နည်းဥပဒေ
- ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆)
- မြေအောက်ရေအက်ဥပဒေ (၁၉၉၄)
- သစ်တောဥပဒေ (၁၉၉၂)
- The Forest Rules (1995)
- The Fresh Water Fisheries Law (1991)
- The Settlement of Labor Dispute Law (2012)
- Workmen’s Compensation Act (1923) as amended 2005
- Leave and Holidays Act (1951) as amended 2014
- Factories Act (1951) as amended 2016
- Employment Restriction Act (1959)
- Income Tax Law (1974) as amended by Union Tax Law 2017
- Labour Organization Law (2011)

- Social Security Law (2012)
- Settlement of Labour Dispute Law (2012) as amended 2014
- Employment and Skills Development Law (2013)
- Minimum Wage Law (2013)
- Payment of Wages Law (2016)
- The Bills of lading Act (India Act 9, 1856, Vol VII)
- The Carriers Act (India Act 3, 1865, Vol VII)

**၄-၅။ စီမံကိန်းအဆိုပြုသူ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပေါ်လစီ**

ဂရိတ်ဂိုးလ်ဒင်းအင်ပါယာ ကုမ္ပဏီသည် အဆိုပြုစီမံကိန်း ဧရိယာအတွင်း သဘာဝပတ်ဝန်းကျင် တန်ဖိုးများကို စောင့်ရှောက်သွားမည်။

စီမံကိန်းပိုင်ရှင်သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်သော အခြေခံမူများကို လုပ်ငန်း အကောင်အထည်ဖော်ရာတွင် လက်ခံကျင့်သုံးသွားမည်။

စီးပွားဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုထည့်သွင်း စဉ်းစား မည်။

It should be noted that Chindwin river basin is narrow and this specifies that coming if raining water to the main channel of the river and forming of high maximum discharge. The rum off is formed mainly in the upper part of the basin with the average precipitation of 3650 millimeter per year. Lower course precipitation is only 810 millimeter per annum. Average basin rainfall at Monywa is calculated as 2370 millimeter. Within the year rum off distribution is uneven. Floods raise the water level in the river from 8 meter to 17 meter as compared to the low water level.

The Chindwin River carries a considerable amount of silt suspended matter. The volume of silt in Chindwin River sharply decreases further upstream from its confluence with U Yu River. Considerable portion of silt forms in the lower reaches due to soil wash out and bank erosion. The KANSAI estimate (2004) large sediment transport (wash, suspended and bed material) of some 220x10m at Shwezeaye (2200$m^3$/$km^3$/year). Like Ayeyarwaddy River, the Chindwin is also fast reacting river. But the fall velocity of the representative grain size, D50, on the lower reach of the Chindwin is 6.0 centimeter per second, whereas the fall velocity of Ayeyarwaddy River is approximately 3.5 centimeter per second. This indicates that the current velocity of lower Chindwin River needs to be higher than on the Ayeyarwady River in order to transport its bed material.

At gauging stations, water levels are measured several times every day with a staff gauge and converted into discharges by appropriated method includes establishing rating curves. The rating curves were made on the basis of about eight measured discharge and have been checked by discharge measurements carried out every 4 or 5 years. According to the

Department of Meteorology and Hydrology, it has been confirmed since 1986 that accuracy of the discharge measurement records was within a deviation of 5 %. Directorate of Water Resources and Improvement (DWIR) also developed rating curves for Chindwin River stations during the feasibility study of Improvement of Navigation on the Irrawaddy (Ayeyarwaddy) and lower Chindwin River (1987-88). (Table 1) Consideration on these rating curves is depending up on the requirements of users.

**Table 5.6.8 Rating curries**

| Station | A | B | C | SE( $m^3$/sec) |
|---|---|---|---|---|
| Homalin | 69450 | -6904 | 172 | 166 |
| Mawlaik | 80 | 222 | 92 | 107 |
| Kalaw | 1030 | -258 | 87 | 363 |
| Monywa | 2186 | -1394 | 325 | 1179 |
| Note<br>1. Rating Curves as provided by DMH<br>2. General Equation $Q= A+BH+CH^2$<br>3. SE: Standard error of estimate | | | | |

Generally, annual inflow observed at the upstream gauging station is smaller than that at the downstream station. However, records of some stations do not follow this tendency. The largest flow tends to occur in July, August or September. The amount of evaporation in a year ranges from 900 millimeter in the north to 1700 millimeter in the south. As the gauging station gets closer to the Central Dry Zone, the amount of observed evaporation becomes larger and larger. The maximum evaporation is recorded in April or May. Average runoff coefficient of gauging stations in Chindwin River is 0.66. The velocity regime in contraction during high peaks of flood is extremely complicated. For example, a large whirlpool is formed near the left bank at the entrance to the Shwezaye defile. In the defile itself there takes place a cross current circulation of the flow. The velocities in this place at the maximum current velocity up to 3.67 meter per second.

## ၅.၈.၂ River Morphology

The source of the Chindwin River is situated on North latitude 25° 40" and East Longitude 97° 00". The Chindwin river basin is continuous to that of upper Ayeyarwaddy in the east and north- east; and to Brahmapeitra basin in the west north-west. The basin of the river is, in general a mountainous forest terrain with the only exception of its lowest southern part which is a vast plain. The whole basin is equal to some 124320 square kilometer in area. The highest mountains are to be found to the west and the north of the basin where they reach 3000 meter or more. From the east the watershed passes a mountain chain of 700 meter to 1500 meter high. The basin is constituted mainly by tertiary contimental sediments. Among them more frequently found are sandstones of different hardness, less frequent are clay with gypsecus veins, Shales and lime stones.

The Chindwin river runs between mountainous ridge and only below Kalaw it comes out to the flat plain. The river channel is tortuous the banks are high and rocky the bank line in many places is uneven. On leaving the Hakang Valley, the Chindwin River Changes its course and runs to south: up to 840 kilometer length it runs in the defile abundant on rapids and small waterfalls. The valley of the river gradually gets expansion there take place an abrupt contraction of channel in certain place. A typical example is shwezaye the clam, broad passage of the river across open country id interrupted by a barrier of cliff of valcanoic ash, through which the river cuts a narrow channel, only about 120 meter in breath. The river bed is rocky and covered with alluvial deposits of various thicknesses. In its upper reaches the Chindwin River has the gradient around 0.00030 and in the down reaches it is around 0.00005. Rocky islands and spits can often be found in the channel. The river bed and sides in the lower stretches of Chindwin River are mostly constituted by soft, easily eroded rocks the width of the river is not stable and varies from 180-200 meter to 3000 meter on this stretch of the river; the channel is highly branched and

abounds in sandy island and spits. The Chindwin becomes braided below Monywa. (Table 5.6.8)

**Table 5.6.8 the width of the river ranges in various reaches**

| River reach | Width range (meter) |
|---|---|
| Above Junction with Nampak HKamti | 90-120 |
| Near HKamti | 300-400 |
| Between HKamti and Homalin | 600 |
| Between Homalin and Kalawa | 300-1200 |
| Between Kalawa and confluence | 1200-3000 |

Approximately 1100 kilometer long Chindwin River is navigable from HKamti to confluence with the Ayeyarwaddy River over a distance of 800 kilometer. The upper portion of the river to Hukaung valley is not navigable mainly on account of the rapids. According to the climate conditions it is possible to arrange navigation on the Chindwin River all the year round. However, due to the considerable current velocity during the monsoon period and shallow depths in low water season, the navigation is confined. The Chindwin River has many tributaries; some of them are big and formidable river. A large number of snags and great amount of silt are brought into the Chindwin River by these tributaries. The UYu and the Myittha rivers are main supplies of silt and snags.

Out of the limiting factors for navigation, the most pronounced one is insufficient depth during the low water season which is annual from 15 November to 15 May. Accordingly loaded draught for the vessels plying along the Chindwin River is restricted in the low water season. (Table 5.6.9)

Table 5.6.9 Draught Restrictions for Chindwin River

| River stretch | Restricted Draught (Meter) |
|---|---|
| Mount of Chindwin – Monywa | 0.9 |
| Monywa – Kalawa | 1.0 |
| Kalawa – Homalin | 0.9 |
| Homalin – Khamti | 0.8 |

In accordance with the slope discharge relation, Chindwin River at mouth is classified as meandering pattern. Stream forms of proposed work sites and respective downstream reaches are considered and caulated by using recent hydrographic surveys and navigation channel domination route maps. Braided rivers are considered are generally caused by overloading, that is, the stream may be supplied with more sediment than it can carry, resulting in deposition of part of the load. (Table 5.6.10)

**Table 5.6.10 Stream forming of proposed work sites and respective downstream reaches**

| Location | Stream Forming | |
|---|---|---|
| | Work site | Downstream reaches |
| Nam Maw laik | Braided/ Straight | Meandering |
| Tha Yaung | Braided | Meandering |
| Loung Kaung | Braided | Braided |
| Twin Pin | Braided/ Straight | Braided |
| Plugawa | Straight | Straight |

# အခန်း (၆)

# စီမံကိန်းကြောင့် သက်ရောက်နိုင်ခြေရှိသော ဆိုးကျိုးများကို ဖော်ထုတ် စီမံခန့်ခွဲခြင်း နှင့် အရေးယူဆောင်ရွက်ခြင်း

# (Impacts and Mitigation Measures)

စီမံကိန်းကြောင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်တိုင်းတွင် ဖြစ်ပေါ်လာနိုင်ခြေရှိသော သဘာဝပတ်ဝန်းကျင် နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်နိုင်ခြေရှိသော ဆိုးကျိုးများကို ဖော်ထုတ်သတ်မှတ်၍ လျော့ပါးစေမည့်နည်းလမ်းများကို လိုက်နာကာ အကောင်းဆုံးစီမံခန့်ခွဲရန် ဖြစ်ပါသည်။ စီမံကိန်းကြောင့် ဖြစ်ပေါ်လာသမျှသော ဆိုးကျိုးများ၊ ထိခိုက်မှုများကို စီမံကိန်း အကောင် အထည်ဖော်သူဖက်မှ တာဝန်ယူရမည်ဖြစ်ပါသည်။

အချို့သော ဆိုးကျိုးများ ထိခိုက်နိုင်ခြေများကို မည်သို့ကိုင်တွယ် စီမံခန့်ခွဲရမည်ကို ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ထုတ်ပြီး လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များကို သတ်မှတ်ပေးဖို့လိုပါသည်။

ရေမြုပ်သစ်များဆယ်ယူရာတွင် ဆိုးကျိုး ကောင်းကျိုးများ ရှိနိုင်ပါသည်။

ရေမြုပ်သစ်များ ရှာဖွေဆယ်ယူမှုလုပ်ငန်းကြောင့် အဆိုပါဆောင်ရွက်သည့် နေရာအနီးတစ်ဝိုက်တွင် အချိန်ကာလ အတိုင်းအတာတစ်ခုအထိ လှေများ ရပ်နားလုပ်မည်ဖြစ်ပါသည်။ ထို့ကြောင့် ရေလမ်းအား ယာယီ ထိခိုက်မှုဖြစ်နိုင်စေပါသည်။ သို့သော် ရေမြုပ်သစ်များကို ရှာဖွေတွေ့ရှိပြီးပါက ဆယ်ယူရေးလုပ်ငန်းဆောင်ရွက်မည့် ဧရိယာအဝန်းအဝိုင်းသည် အနည်းငယ်သာယူပါမည်။ ထို့ပြင် အဝေးမှမြင်နိုင်သော သတိပေး သင်္ကေတများ၊ ဘောများ အလံတိုင်များ၊ ရေကြောင်းလမ်းညွှန်များ တပ်ဆင်ခြင်း၊ ညဖက်တွင် မီးများထွန်းခြင်းများ လုပ်ဆောင်ထားခြင်းဖြင့် အခြားရေယာဉ်များ နှင့် တိုက်မိနိုင်မှုကို ရှောင်လွှဲနိုင်ပါမည်။

ရေမြုပ်သစ် ဆယ်ယူခြင်းလုပ်ငန်းစဉ်ကြောင့် အနီးတစ်ဝိုက် ရေများနောက်ကျိုနိုင်ပါသည်။ အလွန်နက်သော သစ်လုံးများကိုဆယ်ထုတ်ပါက ပတ်ဝန်းကျင် နုံးများ ပြုပြီး ရေများပိုမို နောက်ကျိုနိုင်သည်။ ထို့ကြောင့် ထိုကဲ့သို့သော သစ်လုံးမျိုးကို ဆယ်ယူခြင်းမှ ရှောင်ရှားရမည် ဖြစ်ပါသည်။

သစ်လုံးဆယ်ယူခြင်းတွင် အခြားအရပ်ဒေသမှ လုပ်သားများ ဝင်ရောက်လုပ်ကိုင်ပါက ၎င်းတို့ထံမှ ရောဂါများကူးစက်နိုင်ပါသည်။ ထို့ကြောင့် လုပ်သားများကို ကျန်းမာရေးစစ်ဆေးခြင်း၊ အသက်အာမခံထား ပေးခြင်း စသည်တို့ပြုလုပ်ရန် လိုပါသည်။

သစ်လုံးများဆယ်ယူမှုကြောင့် ကမ်းပါးပြိုကျခြင်းများ မဖြစ်အောင် လုပ်ငန်းစဉ်အတွင်း သေချာ အောင် ပြင်ဆင်ပြုလုပ်သင့်ပါသည်။ ကမ်းပါးပြိုကျခြင်းကြောင့် မြစ်ကမ်းပါးရှိ စိုက်ခင်းများကို ထိခိုက်စေ နိုင်ပါသည်။

**Possible Negative Impacts** (Focus on Hydrology, River Morphology and Navigation)

Operation Period

- Increase in the level of suspended sediment.
- Disturbance and removal of berithic species and communities
- Block navigation channel
- Bank erosion and bed agitation
-

**၆-၁။ အသံဆူညံမှုနှင့် ပါတ်သက်သော စီမံခန့်ခွဲမှု**

လုပ်ငန်းဆောင်ရွက်မည့်နေရာသည် အနီးအနား ကျေးရွာများ၏ လူနေအိမ်ခြေများနှင့် ဝေးကွာသည့်အတွက် ဒေသခံများအနေဖြင့် ထိခိုက်မှုမရှိနိုင်သော်လည်း ထိခိုက်မှုအနည်းဆုံးဖြစ် အောင် အထူးအလေးထားဆောင်ရွက်သွားမည်။ လုပ်ငန်းဆောင်ရွက်မှုကို နေ့အချိန်တွင်သာ ဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။ အင်ဂျင်စက်များကို အသုံးမပြုသောအချိန်တွင် ပိတ်ထား ပါမည်။ စက်များအား အစဉ်ကောင်းမွန်ကြံ့ခိုင်နေစေရန်အတွက် အမြဲတမ်းစစ်ဆေးမှုများလုပ်ပါမည်။ ကားများကိုလည်း သတ်မှတ်မိုင်နှုန်းအတိုင်းသာ မောင်းနှင်စေခြင်း၊ အလုပ်သမားများကို အသံဆူညံမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်း နှင့် အသံဆူညံမှုဖြစ်ပေါ်စေသော လုပ်ငန်းများအား အချိန်သတ်မှတ်၍ ထိန်းသိမ်း လုပ်ဆောင်စေပါမည်။

အသံဆူညံမှုနှင့် ပါတ်သက်၍ သဘာဝသယံဇာတ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များမှ အသံဆူညံမှု သတ်မှတ်စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်သွားမည်။

**၆-၂။ ရေအရည်အသွေးနှင့် သက်ဆိုင်သော စီမံခန့်ခွဲမှု**

ရေမြုပ်သစ်လုံးများ ရှာဖွေသောလုပ်ငန်းစဉ်သည် ချင်းတွင်းမြစ်ရေ အရည်အသွေးအား ထိခိုက်မည် မဟုတ်ပါ။ သို့သော် ရေမြုပ်သစ်လုံးများကို ရှာဖွေတွေ့ရှိပြီးနောက် ဆယ်ယူမည့် လုပ်ငန်းစဉ်ကြောင့် မြစ်ရေ ဆယ်ယူမည့်နေရာ အနီးတစ်ဝိုက်တွင် ယာယီ မြစ်ရေ နောက်ကျိ နိုင်ပါသည်။

ရေမြုပ်သစ်များ ဆယ်ယူမည့်လုပ်ငန်းမှ မည်သည့်တစ်စုံတစ်ရာ အညစ်အကြေးကိုမှ ချင်းတွင်းမြစ်အတွင်းသို့ စွန့်ထုတ်မည်မဟုတ်ပါ။

မြစ်ကမ်းပါးနှင့် နီးကပ်သော နေရာများတွင် လုပ်ငန်းလုပ်ဆောင်ရပါက ကမ်းထိန်းနံရံများ တည်ဆောက်၍ ကမ်းပါးများပြိုမကျရေးအတွက် ဆောင်ရွက်သွားပါမည်။

ထို့ပြင် ပတ်ဝန်းကျင်စောင့်ကြည့်ရေးအဖွဲ့ဖွဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုကြောင့် ရေစီးကြောင်း ပြောင်းလဲမှုရှိမရှိ စောင့်ကြည့်လေလာသွားပါမည်။

ရေအရည်အသွေးစောင့်ကြည့်လေ့လာတိုင်းတာမှုကိုလည်း(၆)လ တစ်ကြိမ် လုပ်ဆောင်သွားမည်။ ရေအရည်အသွေးနှင့် ပါတ်သက်၍ သဘာဝသယံဇာတ နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး *(ထုတ်လွှတ်မှု)* လမ်းညွှန်ချက်များမှ သတ်မှတ်ထားသော စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်သွားပါမည်။

**၆-၃။ လေထုညစ်ညမ်းမှုနှင့် ပါတ်သက်သောစီမံခန့်ခွဲမှု**

ရေမြုပ်သစ်များဆယ်ယူသော လုပ်ငန်းတွင် ရေယာဉ်ငယ်များအသုံးပြုမှုကြောင့် ရေယာဉ်များ၏ အိပ်ဇောမှ မီးခိုးများထွက်ရှိမည်ဖြစ်ပါသည်။ သို့သော် အခြားသော လေထု ပတ်ဝန်းကျင်အား ထိခိုက်စေနိုင်သော ထုတ်လွှတ်မှုမျိုးမရှိပါ။ အဘယ်ကြောင့်ဆိုသော လုပ်ငန်းသည် ရေထဲတွင် ဆောင်ရွက် သောကြောင့်ဖြစ်ပါသည်။ လုပ်ငန်းသုံး ကား *(၂)* စီးအားလည်း သတ်မှတ်မိုင်နှုန်း အတိုင်းမောင်းနှင်စေခြင်း ဖြင့် ဖုန်မှုန်များ လွင့်ပြန့်မှုမှ ကာကွယ်စေနိုင်ပါမည်။

စီမံကိန်းကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာပါ သဘာဝသယံဇာတ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး *(ထုတ်လွှတ်မှု)* လမ်းညွှန်ချက်များအတိုင်း ရောက်ရှိစေရန် ဆောင်ရွက်သွားမည်။

**၆-၄။ မြေထုညစ်ညမ်းမှုနှင့် ပါတ်သက်သောစီမံခန့်ခွဲမှု**

လုပ်ငန်းသဘာဝအရ မြေအသုံးချမှုတွင် ယာယီအလုပ်ရုံးခန်း၊ အိမ်သာ နှင့် ဆီသိုလှောင်ရုံတို့သာ တည်ဆောက်အသုံးပြုမည့် လုပ်ငန်းဖြစ်ပါသည်။ အခြားသောလုပ်ငန်းများကဲ့သို့ မြေအသုံးချမှုမရှိပါ။ အကယ်၍ လုပ်ငန်းကြောင့် မြေထုညစ်ညမ်းမှုဖြစ်ပေါ်လာပါကလည်း သဘာဝသယံဇာတ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး *(ထုတ်လွှတ်မှု)* လမ်းညွှန်ချက်များ အတိုင်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**၆-၅။ စွန့်ပစ်ပစ္စည်းများနှင့် ပါတ်သက်သော စီမံခန့်ခွဲမှု**

စွန့်ပစ်ပစ္စည်းများအား စုစည်းခြင်း၊ ခွဲခြားခြင်းများပြုလုပ်ခြင်း နှင့် အမှိုက်များအားလည်း စံနစ်တကျစုပုံကာ မကောင်းသောအနံ့အသက်များ ထွက်ခြင်းအား နည်းပါးအောင် စီမံဆောင်ရွက်သွားမည်။ အမှိုက်များအား စွန့်ပစ်ရာတွင် အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးများကို ခွဲခြားထားပါမည်။

စားကြွင်းစားကျန်များကို သတ်မှတ်ထားသော မြေကျင်းများတွင် စွန့်ပစ်စေကာ သဘာဝမြေသြဇာ ဖြစ်စေပါမည်။

မီးဖိုဆောင်နှင့် လူသုံးရာမှ ထွက်လာသော ရေများကိုလည်း မြစ်အတွင်းသို့မရောက်အောင် စီမံခန့်ခွဲသွားမည်။

အမှိုက်များကို သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးကော်မီတီ နှင့် ဆက်သွယ်ပြီး ပုံမှန်စွန့်ပစ်သွားမည် ဖြစ်ပါသည်။

စွန့်ပစ်ပစ္စည်းများ ထုတ်လွှတ်မှုနှင့် ပါက်သက်၍ သဘာဝသယံဇာတ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး *(ထုတ်လွှတ်မှု)* လမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်သွားမည်။

**၆-၆။ သဘာဝပေါက်ပင်များ၊ သက်ရှိ၊ သက်မဲ့ ဇီဝမျိုးစုံမျိုးကွဲများနှင့် ပါတ်သက်သော စီမံခန့်ခွဲမှု**

အဆိုပြုလုပ်ငန်းသည် သဘာဝပေါက်ပင်များအား ရှင်းလင်းခြင်း၊ ခုတ်လှဲခြင်း၊ မီးရှို့ခြင်း စသည့် လုပ်ရပ်များ လုံးဝမပါဝင်ပါ။ သဘာဝပေါက်များကို မထိခိုက်စေပါ။ မိမိတို့လုပ်သား များအားလည်း သစ်ပင်များကို ထိခိုက်စေခြင်း၊ တောမီးရှို့ခြင်း၊ ထောင်ချောက်ထောင်ခြင်း နှင့် အမဲလိုက်ခြင်း စသော အလုပ်များ မလုပ်အောင် တင်းကြပ်စွာ သတိပေးထားမည်။

သစ်လုံးများတူးဖော် ဆယ်ယူမှုကြောင့် အဆိုပါနေရာအနီးတစ်ဝိုက်တွင် မြစ်ရေနောက် ကျိခြင်းဖြစ် ပေါ်ပြီး ငါးစသော ရေနေသတ္တဝါများကို ထိခိုက်စေပါသည်။ သို့သော် သစ်လုံးများအတွက် ရေငုပ်သမားများ ရေငုပ်လုပ်ဆောင်ခြင်းနှင့် အခြား ရေယာဉ်များ အဆိုပါနေရာတွင် နေရာချ လုပ်ဆောင်ခြင်းကြောင့် ငါးစသော ရေသတ္တဝါများ အခြားနေရာသို့ ရွှေ့ပြောင်းသွားရန် အချိန်လုံလောက်စွာရပါသည်။ သို့သော် ခုံး နှင့် ခရုစသော ရေသတ္တဝါများမှ အချိန်ပိုမိုလိုအပ်ပါသည်။

သို့သော်လည်း စီမံကိန်းပိုင်ရှင်အနေဖြင့် အကောင်းဆုံးစီမံခန့်ခွဲလုပ်ဆောင်သွားမည်ဖြစ်ပြီး ထိခိုက်မှုတစ်စုံတရာရှိပါက သဘာဝသယံဇာတ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး *(ထုတ်လွှတ်မှု)* လမ်းညွှန်ချက်များအား လိုက်နာ လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

**၆-၇။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ပါတ်သက်သော စီမံခန့်ခွဲမှု**

အဆိုပြုစီမံကိန်းဧရိယာများအတွင်း ဘုရား၊ ပုထိုး၊ စေတီများ၊ သာသနာရေးဆိုင်ရာ အဆောက်အဦးများ၊ ရှေးဟောင်း အရေးကြီးသော အလေးအမြတ်ပြုစရာ နေရာများ မရှိသည့်အတွက် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပတ်သက်ပြီး ပျက်စီးဆုံးရှုံးခြင်း၊ ထိခိုက်ခြင်းများ မရှိပါ။ စီမံကိန်းအဆိုပြုသူအနေဖြင့်လည်း မည်သည့် ဘာသာရေးအဆောက်အဦကိုမျှ ဆောက်လုပ်မည် မဟုတ်ကြောင်း အာမခံပါသည်။

**၆-၈။ ဖြစ်ပေါ်လာမည့် ထိခိုက်မှုများ လျှော့ချရန် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ**

*(က)* ဇီဝမျိုးစုံမျိုးကွဲများကို အန္တရာယ်ပြုနိုင်သည့် လုပ်ငန်းများကို ရှောင်ရှားသွားမည် ဖြစ်ပါသည်။

*(ခ)* ရေမြုပ်သစ်လုံးများ ဖော်ယူသောနေရာအနီးတစ်ဝိုက်တွင် မြစ်ကမ်းပါးများမပြိုစေရန် အထူးဂရုစိုက် လုပ်ဆောင်သွားမည်။ လိုအပ်ပါက ကမ်းထိန်းနံရံများ တည်ဆောက်သွားမည်။

(ဂ) ရေမြုပ်သစ်လုံးများ ရှာဖွေခြင်း တူးဖော်ခြင်း ဆောင်ရွက်နေသည့် ကာလတစ်လျှောက် အနီးတစ်ဝိုက်တွင် သတိပေး ဆိုင်းဘုတ်များ၊ ဘောများ၊ ရေကြောင်းအချက်ပေး၊ အချက်ပြ သင်္ကေတများ၊ ညအချိန်မီးထွန်းခြင်းများ ပြုလုပ်သွားမည်။

(ဃ) ရေငုပ်သမားများကို လိုအပ်သောကိရိယာ၊ ဝတ်စုံနှင့် သင်တန်းပေးကာ ဆောင်ရွက်စေမည်။

(င) ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ မန်နေဂျာတစ်ဦး သီးသန့် ခန့်ထားကာ စနစ်တကျ စီမံခန့်ခွဲ လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

## ၆-၉။ လုပ်ငန်းခွင်ဧရိယာအတွင်း ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုးသက်ရောက်မှုနှင့် လျှော့ချမည့် နည်းလမ်းများ

| စဉ် | ထိခိုက်မှုအမျိုးအစား | ထွက်ရှိမည့်အရင်းအမြစ် | လျှော့ချမည့်နည်းလမ်း |
|---|---|---|---|
| ၁ | ဆူညံသံ<br>- ဆူညံသံ နှင့် တုန်ခါမှု | ရေယာဉ်များ နှင့် ဝန်ချီစက်မှ အနည်းငယ်ထွက်ရှိ | နေ့အခါတွင်သာ လုပ်ငန်းလုပ်ဆောင်ပါမည်။ မလိုအပ်ပဲ စက်များကို လည်ပတ်ခြင်းမပြုပါ။ |
| ၂ | ရေအရည်အသွေး<br>-မြေပေါ်ရေ အရည်အသွေး ထိခိုက်နိုင်မှု<br>-မြေအောက်ရေ အရည်အသွေးထိခိုက်နိုင်မှု | - ရေဆိုးများကို မြစ်ချောင်းများသို့ စွန့်ပစ်ခြင်းမရှိပါ။ ထိခိုက်နိုင်မှု မရှိပါ။<br>- မြေအောက်ရေအရင်းအမြစ် သည် ပေ ၂၅၀ ခန့်တွင် ရှိသောကြောင့် မထိခိုက်နိုင်ပါ။ | သို့ရာတွင် လိုအပ်ပါက ရေ အရည်အသွေး စစ်ဆေးသွားမည်ဖြစ်ပါသည်။<br>၆ လတစ်ကြိမ်လည်း ပုံမှန် စစ်ဆေးသွား ပါမည်။ |
| ၃ | လေအရည်အသွေး<br>- အမှုန်အမွှားများ<br>- အနံ့ | -မရှိသလောက်ဖြစ်ပါသည်။<br>- မရှိပါ။ | |
| ၄ | စွန့်ပစ်ပစ္စည်း<br>- အစိုင်အခဲ အမှိုက်<br>- အရည်<br>- အခိုးအငွေ့ | - အနည်းငယ်<br>- မီးဖိုချောင်သုံး နှင့် ချိုးရေ<br>- မရှိပါ | စည်ပင်သာယာရေး ကော်မီတီနှင့် ဆက်သွယ် စွန့်ပစ်ပါမည်။ |

| | | | |
|---|---|---|---|
| ၅ | မြေထိုညစ်ညမ်းမှု | - မရှိပါ။ | |
| ၆ | ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း<br>- စားကြွင်းစားကျန်<br>- ဓါတုပစ္စည်းသုံးစွဲမှု<br>- ဓါတ်ငွေ့များသုံးစွဲမှု<br>- ဟိုက်ဒရိုကာဗွန်များ | <br><br>- စနစ်တကျ တွင်းတူးစွန့်ပစ်မည်။<br>- မရှိပါ။<br>- မရှိပါ။<br>- စည်ပင်နှင့် စွန့်ပစ်မည်။ | |
| ၇ | ဂေဟာစနစ်<br>- သစ်ပင် ပန်းမာလ်များ<br>- သက်ရှိသတ္တဝါများ | <br>- မရှိပါ။<br><br>- ငါးများအနည်းငယ်ရှိ။ | <br><br><br>ငါးများ အခြားနေရာသို့ ရွှေ့ပြောင်းနိုင်ရန် အချိန်ပေးမည်။ |
| ၈ | လူမှု စီးပွားထိခိုက်မှု | - မရှိနိုင်ပါ။<br>- အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။ | |
| ၉ | ဒေသတွင်း ကျန်းမာရေး ထိခိုက်မှု | - မရှိနိုင်ပါ။ လုပ်သားများကို ကျန်းမာရေး စစ်ဆေးပြီးမှ ခန့်အပ်သွားမည်။ ထို့အပြင် အသက်အာမခံလည်း လုပ်ဆောင်ပေးမည်ဖြစ်ပါသည်။ | |
| ၁၀ | ရေကြောင်းသွားလာမှုကို ထိခိုက်မှု | - ရေမြုပ်သစ်များတူးဖော်မည့် နေရာများ တွင် ရေကြောင်းသွားလာမှုကို ထိခိုက်စေ နိုင်ပါသည်။ | ယာယီထိခိုက်မှုသာဖြစ်ပါသည်။ လုံလောက်သော သတိပေး သင်္ကေတများ တပ်ဆင်ထားပါမည်။ |

၆-၁၀။ လုပ်ငန်းခွင် ဧရိယာတွင် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအား အဆင့်အတန်းသတ်မှတ်ခြင်း

| စဉ် | ထိခိုက်မှုအမျိုးအစား | ထိခိုက်မှုအဆင့်အတန်း | ထိခိုက်မှုပမာဏ |
|---|---|---|---|
| ၁ | ဆူညံသံ | အနည်းငယ် | တစ်ခါတစ်ရံ |
| ၂ | ရေအရည်အသွေး | အနည်းငယ် | တစ်ခါတစ်ရံ |
| ၃ | လေအရည်အသွေး | အနည်းငယ် | ဖြစ်ရန်ခက်ခဲ |
| ၄ | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု | ကောင်းမွန်သည်။ | မရှိပါ။ |
| ၅ | မြေထုညစ်ညမ်းမှု | မရှိပါ | မရှိပါ။ |
| ၆ | ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | ကောင်းမွန်သည် | မရှိပါ။ |
| ၇ | ဂေဟစနစ် | အနည်းငယ် | တစ်ခါတစ်ရံ |
| ၈ | လူမှု ပတ်ဝန်းကျင်ထိခိုက်မှု | မရှိပါ | ဖြစ်ရန်ခက်ခဲ |
| ၉ | ကျန်းမာရေးထိခိုက်မှု | မရှိပါ | ဖြစ်ရန်ခက်ခဲပါသည်။ |
| ၁၀ | ဇီဝမျိုးစုံမျိုးကွဲ ထိခိုက်နိုင်မှု | အနည်းငယ် | တစ်ခါတစ်ရံ |
| ၁၁ | ရေကြောင်းသွားလာမှု | အနည်းငယ် | အနည်းငယ်၊ ယာယီ |
| ၁၂ | ငါးဖမ်းလုပ်ငန်း | မရှိပါ။ | မရှိပါ။ |

**၆-၁၁။ Hydrological point for Mitigation Measures, Environmental Management Plan, Monitoring, Reporting and CSR Programmes**

- Locate Pin point of logs before operation
- Minimize the excavated volume of river bed soil.
- Shorten the operation time both for excavation and transport in river
- Provide safety measures for navigation (Rod flag , night lamp, sound signal etc,)
- Operation must avoid within the navigation channel
- Stop operation while unexpected dangers occur in navigation channel
- Provide plans for log location and cleaning on banks.

- Installation of signage for operation, notitication as well.
- Well arrange the operation vessels and equipment to engue the safety.

**Hydrology for Environmental Management Plan**

- For the conservation of navigation channel and river morphology, management plans will provide with the following categories;

| Categories | Management Plan |
|---|---|
| - Outer bar<br>- Secondary channel<br>- Existing river training structure of DWIR<br>- Master Plan of DWIR downstream river stretches | - Bank protection<br>- Keep stable the existing river bed<br>- be care operation near the river training structure<br>- go along with the Master Plan of DWIR |

After operation in secondary channel river bed and sand bar formation are by an appropriate measure to create the conditions before operation. (Sand bed, gestues, Gabions etc)

- Provide filtering system for log cleaning bank.
- The vessels used in operation obey the draught restriction.
- Fulfill the requirements of local populace. (During consultation Meeting)

**Monitoring Programme**

1. Carry out turbidity monitoring at least twice a month during operation approximated, 50 meter from operation vessels and composed with the base live condition (before operation).
2. Carry out hydrophic survey of the operation area six months after to verify the bank and bed condition of project area.

3. Carry out the Morphology study of downstream river stretch of project area six month after to verify the navigation channel is still exist the recommended channel boundary.

## Reporting

Reporting and inspection are necessary in accordance with the conservation of Water Resources and Rivers lows, Rules and notification.

## CSR Programme

It is suggested to implement the 5500 Goals Ground Tank which can use for purified drinking water to supply local populace



# အခန်း (၇)

# အရေးပေါ်စီမံချက်များ

# (Emergency Plans)

အရေးပေါ်စီမံချက်များ နှင့် ပါတ်သက်၍ အောက်ပါတို့ကို စီစဉ်ထားရှိလိုက်နာပါမည်။

(က) ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်

(ခ) မီးဘေးအန္တရယ် လုံခြုံရေးစီမံချက်

(ဂ) သဘာဝဘေးအန္တရာယ် ကျရောက်လာပါက တုန့်ပြန်မည့် အစီအစဉ်

(ဃ) ရေငုပ်သမားများအတွက် လိုက်နာရမည့် စည်းကမ်းများ

**၇-၁။ ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး**စီမံချက်

ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့အတွက် ထိရောက်စွာ အကောင်ထည်ဖော် ဆောင်ရွက်သွားပါမည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်မရှိစေရေး အတွက် အလုပ်သမားများအား တာဝန်မပေးမီ လိုအပ်သော သင်တန်းများ ဦးစွာပေးပြီး လုပ်ငန်းခွင် ထိခိုက်မှုများဖြစ်ပေါ်လာပါက လိုအပ်သော ပြုစုစောင့်ရှောက်မှု နှင့် ဆေးကုသမှုကိုပြုလုပ်မည့်အပြင် သက်ဆိုင်ရာဌာနများသို့ သတင်းပို့ခြင်းများ ဆောင်ရွက်သွားပါမည်။

လုပ်သားများအား သက်ဆိုင်ရာ တစ်ကိုယ်ရေအကာအကွယ်ပစ္စည်းများ (personnel protection equipment) များ မဝတ်မနေရ ဝတ်ဆင်ခိုင်းပါမည်။ ထို့ပြင် လုပ်ငန်းခွင်သို့ အဆိုပါဝတ်စုံမပါပဲ မည်သူမှ ဝင်ရောက်ခြင်းအား ခွင့်မပြုပါ။ ဘေးအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးပိုစတာများ၊ ဆိုင်းဘုတ်များ၊ သတိပေးသင်္ကေတများ နှင့် လုပ်ငန်းခွင်လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များကို အလုပ်ခွင်အတွင်း သင့်တော်သောနေရာများတွင် စိုက်ထူခြင်း၊ ချိတ်ဆွဲခြင်းများ ပြုလုပ်ထားပါမည်။

ရေငုပ်လုပ်သားများအားလည်း လုံလောက် သန့်ရှင်းသော အောက်စီဂျင်ကို ထောက်ပံ့ ပေးပါမည်။ရေယာဉ်၊ မော်တော်ကား၊ စက်ပစ္စည်းများကိုလည်း အမြဲစစ်ဆေး ပြုပြင်သွားမည်။ လုပ်သားများ၏ ကျန်းမာရေးကိုလည်း လစဉ် လိုအပ်သလို စစ်ဆေးသွားမည်။

အလုပ်ခွင်မတော်တဆထိခိုက်မှုဖြစ်ပါက အနီးဆုံး ဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်ရန်အတွက် အစီအစဉ်များကိုလည်း အမြဲအဆင်သင့်ဖြစ်စေမည်။ ထို့ပြင် လုပ်သားများကို လိုအပ်ပါက ကာကွယ်ဆေးများ ထိုးနှံပေးမည် ဖြစ်ပါသည်။

## ၇-၂။ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး

စီမံကိန်းအတွင်း မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး အဆိုပါအဖွဲ့မှ မီးဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သော လောင်စာဆီသိုလှောင်မှုများကို စစ်ဆေးခြင်းနှင့် မှတ်တမ်းထားရှိခြင်း၊ မီးဖိုဆောင်အား စစ်ဆေးခြင်း၊ လျှပ်စစ်အသုံးဆောင်ပစ္စည်းများကို စစ်ဆေးခြင်း၊ ပေါ့ဆမီးကြောင့် မီးလောင်ကျွမ်းမှုမဖြစ်စေရန် ပညာပေးခြင်း၊ ခြောက်သွေ့ရာသီတွင် မီးလောင်ကျွမ်းမှုများ မဖြစ်စေရန် မီးသတိပေးမှုများ အမြဲပြုလုပ်ခြင်း၊ ဆီသိုလှောင်ရုံဧရိယာအတွင်း ဆေးလိပ်သောက်သုံးခြင်း နှင့် မီးအသုံးပြုခြင်းမပြုလုပ်ရန် သတိပေး တားမြစ်သွားမည်။

လုပ်ငန်းခွင်ပြင်ပမှ တောမီးလောင်ခြင်းကဲ့သို့သော မတော်တဆမှုများမှ မီးကူးစက် လောင်ကျွမ်းခြင်း မရှိစေရန် အထူးသတိပြုစောင့်ကြည့်သွားပါသည်။

ရေယာဉ်များ၊ မော်တော်ကားများ နှင့် ရုံးခန်း အစရှိသည်တို့တွင် မီးသတ်ဆေးဗူးများကို လုံလောက်စွာ ထားရှိသွားပါမည်။ ထို့အပြင် သဲပုံး၊ မီးချိတ် နှင့် မီးကပ် များကို လည်း ထားရှိသွားပါမည်။

## ၇-၃။ အရေးပေါ်အခြေအနေ တုန့်ပြန်ဆောင်ရွက်မှု နှင့် အသင့်ရှိမှု

အရေးပေါ်အခြေတွင် တုန့်ပြန်ဆောင်ရွက်မည့် အဖွဲ့များ ဖွဲ့စည်းထားရှိမည်။ ထို့ပြင် ၆ လ တစ်ကြိမ် အရေးပေါ်အခြေအနေ တုန့်ပြန်ဆောင်ရွက်မှု ဇာတ်တိုက်လေ့ကျင့်မည်။ နေရာတိုင်းတွင် အရေးပေါ်အခြေ အတွက် စုရပ်ကို သတ်မှတ်ထားမည်။

လုပ်ငန်းဆောက်ရွက်နေစဉ်ကာလအတွင်း မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ ကျန်းမာရေးထိခိုက်ခြင်း၊ ယာဉ်မတော်တဆ ထိခိုက်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာခြင်း စသော အရေးပေါ်အခြေများကို အချိန်နှင့် တပြေးညီ တုန့်ပြန် ဆောင်ရွက်နိုင်အောင် စီစဉ်ထားရှိပါမည်။ အရေးပေါ်သူနာပြု ဆေးသေတ္တာလည်း စီစဉ်ထားရှိပါမည်။

အရေးပေါ်ထိခိုက်မှုများရှိလာပါက လုပ်ငန်းခွင်ရှိရှေးဦးသူနာပြု ပြုစုနည်းဖြင့်၄င်း၊ အနီးဆုံးရှိ ဆေးခန်း သို့မဟုတ် မော်လိုက်နှင့် ဖောင်းပြင် ဆေးရုံများသို့၄င်း တင်ပို့ကုသပါမည်။ အရေးပေါ်အခြေတွင်လည်း ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ထားရှိမည်။

မိမိတို့အနီးအနားတွင် အရေးပေါ်အကူအညီလိုအပ်လာပါကလည်း မိမိတို့မှ ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှ ကူညီသွားမည်။

## ၇-၄။ ရေငုပ်သမားများအတွက် လိုက်နာရမည့် စည်းကမ်းများ

ရေငုပ်သမားများသည် အောက်ပါစည်းကမ်းများကို လိုက်နာလုပ်ဆောင်ရမည်။

- ရေငုပ်လုပ်သားသည် ရေငုပ်လုပ်ငန်းခွင်ဝင်နိုင်ရန်အတွက် လုံလောက်ကျန်းမာရေး ဆေးစစ်မှုကို အောင်မြင်ရမည်ဖြစ်ပါသည်။
- ရေငုပ်လုပ်သားများကို လိုအပ်သော သင်တန်းကနဦး ပေးမည်ဖြစ်ပါသည်။
- နံနက်တိုင်း စိတ်ပိုင်း၊ ရုပ်ပိုင်းကြံ့ခိုင်မှုကို စစ်ဆေးပြီး စိတ်ချရမှသာ လုပ်ငန်းခွင် ဝင်ရပါမည်။
- လုပ်ငန်းခွင်အတွင်း သတ်မှတ်ထားသော ရေငုပ်ဝတ်စုံ၊ ရေငုပ်ကိရိယာများကို အပြည့်အစုံ မဖြစ်မနေ ဝတ်ဆင်လုပ်ဆောင်ရမည်။ ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှုနှင့် ပတ်ဝန်းကျင် မန်နေဂျာ (HSE Manager) မှလည်း သေချာမှု ရှိမရှိ အမြဲစစ်ဆေးရမည်။
- ရေငုပ်လုပ်သားသည် အလုပ်ချိန်အတွင်း အရက်သေစာ သောက်စားခြင်းကို တားမြစ်သည်။
- ရေငုပ်ရာတွင် ၁၈-၃၆ ပေ အထိအများဆုံး ငုပ်နိုင်သည်။ သို့သော် ချင်းတွင်းမြစ်သည် ရေတိမ် သောကြောင့် အဆိုပါအနက်အထိ ငုပ်ရန်မလိုပါ။
- တစ်ကြိမ်ရေငုပ်လျှင် အများဆုံးကြာမြင့်ချိန်မှာ မိနစ် (၂၀) ထက် မကျော်လွန်စေရပါ။
- ရေငုပ်နေစဉ်အတွင်း အစစအရာရာ သတိထားပြီး လိုအပ်ပါက ရေယာဉ်သို့ သတင်းပို့မည်။
- ရေငုပ်ကိရိယာများကို အသုံးပြုပြီးသည်နှင့် ဆေးကြောသုတ်သင်ပြီး ကောင်းမကောင်း အမြဲ စစ်ဆေးရန်ဖြစ်သည်။
- ရာသီဥတု နှင့် သဘာဝဘေးအန္တရာယ် သတင်းများကို အစဉ်အမြဲနားစွင့် ရယူပြီး သတိပြုလိုက်နာ ရမည်။
- အခြား အချိန်နှင့်တပြေးညီ လိုအပ်သော ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

# အခန်း (၈)

# ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံခြင်း နှင့် လူမှုစီးပွားဆိုင်ရာ ကွင်းဆင်းလေ့လာခြင်း

# (Public Consultation and Socio-economic Survey)

## ၈-၁။ ချင်းတွင်းမြစ်အတွင်းရေမြုပ်သစ်ဖော်ထုတ်နိုင်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း

ပထမအကြိမ် လူမှုစီးပွားဆိုင်ရာကွင်းဆင်းလေ့ခြင်းကို ၁၅-၁-၂၀၁၉ မှ ၁၈-၁-၂၀၁၉ အထိ ရေမြုပ်သစ်များ တူးဖော်မည့် အဆိုပြုနေရာ (၅) ခုတွင် ပြုလုပ်ခဲ့ပါသည်။

### ၈-၁-၁။ ချင်းတွင်းမြစ်အတွင်းရေမြုပ်သစ်ဖော်ထုတ်နိုင်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း အပိုင်း(၁) (လောင်းကောင်းကျေးရွာ)

| |
|---|
| ရက်စွဲ။ ။ ၁၅.၁.၂၀၁၉ |
| လောင်းကောင်းကျေးရွာ- အိမ်ခြေ- ၁၂၃၊ အိမ်ထောင်စု- ၁၂၃၊ ကျား- ၃၀၄၊ မ- ၃၂၉<br>ကျေးရွာအုပ်ချုပ်ရေးမှူး - ဦးဝင်းဖော်<br>တက်ရောက်သူများ - ၇ ဦး |
| ယခင်ကအစိုးရသစ်ဆိပ်ဟောင်းရွာအနီးတွင်ရှိပါသည်။ လောင်တော်ဦးသစ်ဆိပ်ဟု ခေါ်ပါ သည်။ လွန်ခဲ့သော ၁၄ နှစ်မှစ၍ သစ်ထုတ်ခြင်းမပြုလုပ်တော့ပါ။ တင်ဝင်းထွန်းကုမ္ပဏီမှ သစ်ထုတ်ခြင်းအား လွန်ခဲ့သော ၃ နှစ်မှ ရပ်နားခဲ့ပါသည်။ ၄င်းကုမ္ပဏီဝင်လာပြီး နောက်ပိုင်း ကမ်းပါးပြိုခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ ရွာနှင့် ၁၅ မိုင်ခန့်ဝေးသောအင်းတော်ဘက်တက်သည့်ဘက်နှင့် မဟာမြိုင်မှ သစ်ထုတ်ယူခြင်းဖြစ်ပါသည်။<br>ဒေသခံများသည် အဓိကတောင်သူလုပ်ကိုင်ပြီး စပါးအားအများဆုံးစိုက် ပျိုးပါသည်။ နေကြာနှင့် ဟင်းသီးဟင်းရွက်များလည်းစိုက်ပျိုးပါသည်။ ဒေသခံများသည်ရေငုပ်သစ်ဖော်ခြင်း တံငါလုပ်ခြင်း ဖြင့် အသက်မွေးဝမ်းလုပ်ကိုင်ခြင်း မရှိပါ။ ရွာနီးချင်းများဖြင့်လည်းပြဿနာမရှိပါ။<br>ချင်းတွင်းမြစ်ရေအား ရေချိုးခြင်းအတွက်သာ အသုံးပြုပါသည်။ ယခင်က စိုက်ပျိုးရေးသုံးခဲ့သော်လည်း ယခုကမ်းပါးပြိုခြင်း၊ ရွာရွှေ့ပြောင်းရ ခြင်းကြောင့် စိုက်ပျိုးရေးရေ ယူရန်အခက်ခဲရှိပါသည် သောက်သုံးရေ အား ရေတွင်း၊ ချောင်းများမှ ရရှိသော် လည်း ရွာ၏လူဦးရေနှင့် သောက်သုံးရေလုံလောက်ခြင်းမရှိပါ။ လျှပ်စစ်မီးမရှိပါ။ ကိုယ်ပိုင်ဆိုလာမီးသုံးပါ သည်။ ချက်ပြုတ်ရန် |

ထင်းကိုသုံးပါသည်။ စီးပွားဖြစ် သစ်ထုတ်ယူခြင်းမရှိပါ၊ အနီးနားပတ်ဝန်းကျင်တွင် လည်း ထုတ်ယူရန်သစ်မရှိပါ။ ရွာမှထွက်ရှိသော အမှိုက်များအား မီးရှို့ခြင်း၊ လယ်ထဲသို့ စွန့်ပစ်ပါသည်။ မူလတန်းကျောင်းရှိပါသည်။ ဆရာ/ ဆရာမ (၄) ဦး နှင့် ကျောင်းသား/ ကျောင်းသူ (၁၁၁) ယောက်ရှိပါသည်။ အလယ်တန်း၊ အထက်တန်း ကျောင်းသား/သူ ၄၀ ဦးရှိပြီး မော်လိုက်သို့ ရေလမ်းဖြင့် ကျောင်းသွားတက်ပါသည်။

မိုးရာသီမြစ်ရေကြီးခြင်း၊ ရေလျှံခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။ ကျန်းမာရေးအား တောင်တွင်းတိုက်နယ်ဆေးပေးခန်းမှ လာရောက် စစ်ဆေးပေးပါသည်။ ကျေးရွာတွင် မသန်မစွမ်း သက်ကြီး (၅) ဦးရှိပါသည်။ ၂၀၁၆/၁၇ တွင်မြစ်ရေကြီးခြင်း ကြုံတွေ့ရပါသည်။ ၂၀၁၈ ခုနစ်တွင်ရေမကြီးပါ။ ချင်းတွင်းမြစ် ရေ၏အရည်အသွေးသည်ယခင်ကထက် ပိုမိုဆိုးလာပါသည်။ ရေနောက်ခြင်း၊ စိုက်စိုက်ပျိုးသီးနှံများ မဖြစ်ထွန်းခြင်းများကြုံတွေ့ရပါသည်။ ရေမြုတ်သစ် ဆယ်ယူရေးဆောင်ရွက်လျှင် ရွာအနေနှင့် အန္တရာယ်မရှိနိုင်သော်လည်း ကမ်းပါးပြိုခြင်းအားကြိုတင် ကာကွယ်ပေးစေချင်ပါသည်။ ဒေသခံများအနေဖြင့် စီမံကိန်းအချက်အလက်များအား သိရှိချင်ပါသည်။ အသိပေးပြီး မှလည်း ပြုလုပ်စေချင်ပါသည်။ အပူချိန်များလာခြင်း၊ အအေးဓာတ်လျော့နည်းလာခြင်း စသည့် ရာသီဥတုပြောင်းလဲခြင်းများဖြစ်လာပါသည်။ လောင်ကောင်းကျေးရွာတွင် လူမျိုးခြား၊ ဘာသာခြားမရှိပါ။ ကျေးရွာတွင်လူဦးရေ ပိုမိုတိုးလာပါသည်။ ကျေးရွာအတွင်း ကာလသားခေါင်းဆောင်( အမျိုးသား) အဖွဲ့၊ အမျိုးသမီးဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့များရှိပါသည်။

အစိုးရစီမံကိန်းဖြင့် လျှပ်စစ်ဓာတ်အားပေးခွဲရုံ ဆောက်မည့်အစီအစဉ်ရှိပါသည်။ မိုးရာသီ တွင်စပါးများ စိုက်ပျိုးခြင်း၊ ဆောင်းရာသီတွင် (နတ်တော်၊ တပေါင်း) နေကြာစိုက်ပျိုးပါသည်။ သီတင်းကျွတ်လတွင် မြေပဲ၊ ပန်းနှမ်း စိုက်ပျိုးပါသည်။ ကျွဲ၊ နွား၊ ကြက်၊ဝက် တနိုင်တပိုင်မွေးမြူပါသည်။ ဟွန်ဒါစက်တပ် စက်လှေပိုင်ဆိုင်သူ ၁၅ ဦးခန့်ရှိပါသည်။ မော်လိုက် အသွားအပြန် ၁၀၀၀ ကျပ်ရပါသည်။ ပတ်ဝန်းကျင်တောမှ မှို၊ မျှစ်၊ ဝါးတို့ ရရှိပါသည်။ ရွာအတွင်းမှ နန့်တောရွှေတွင်းသို့ လူ ၃၀ ခန့် အလုပ်သွားလုပ်ပါသည်။ ရပ်ရွာအတွင်းမှ စွန့်ပစ်အမှိုက်များအား ချင်းတွင်းမြစ်အတွင်း မစွန့်ပစ်ပါ။ တောထဲသို့သွားရောက်ပစ်ခြင်း၊ မီးရှို့ခြင်းများဆောင်ရွက်ပါသည်။ အမျိုးသမီး အိမ်ထောင်စုဦးစီး ၅ ဦးခန့်ရှိပါသည်။ ရိုးရာနတ်တင်ခြင်းဆောင်ရွက်ပါသည်။

တန်ခူးလ၊ သီတင်းကျွတ်၊ ဝါဝင်ချိန်တို့တွင် တစ်ရွာလုံး ကြက် (၁၀) ပိဿချက်ပြုတ်ပြီး

စုပေါင်းနုတ်တင်ခြင်း ဆောင်ရွက်ကြပါသည်။ ၂၀၁၄ ခုနှစ်တွင် ကမ်းပြိုခြင်းကြောင့်(၄၇) အိမ်ရေအောက်ရောက်သွားပါသည်။ ကမ်းပြိုခြင်းကြောင့် ယခင်ရွာဟောင်းနှင့် ၁ မိုင်ကျော်ကွာ ရွာပြောင်းရွှေ့နေရပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ဆဲ မူလွန်ကျောင်းအတွက် အလှူရှင်လိုအပ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် လိုအပ်ခြင်း၊ ကျေးရွာတွင်ဆေးပေးခန်း လိုအပ်ပါသည်။

| | |
|---|---|
|  |  |

## ၈-၁-၂။ ချင်းတွင်းမြစ်အတွင်းရေမြုပ်သစ်ဖော်ထုတ်နိုင်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း (တွန်းပင်ကျေးရွာ)

ရက်စွဲ။ ။ ၁၆.၁.၂၀၁၉

တွန်းပင်ကျေးရွာ - အိမ်ခြေ- ၃၁၀၊ အိမ်ထောင်စု-၃၅၀၊ လူဦးရေ-၁၇၇၃

ကျေးရွာအုပ်ချုပ်ရေးမှူး - ဦးညွန့်လှိုင်

တက်ရောက်သူများ - (၁၂) ဦး

အလယ်တန်းကျောင်းခွဲ တစ်ကျောင်းရှိပါသည်။ ဆရာ/မ (၁၀) ယောက်ရှိပါသည်။ ဆရာ/ဆရာမ မလောက်၍ရွာမှ ငှားရပါသည်။ ကျောင်းသား/ ကျောင်းသူ (၂၇၄)ယောက်ရှိပါသည်။ အစိုးရဆေးပေးခန်းမရှိပါ။ ကိုယ်ထူကိုယ်ထဆေးပေးခန်း ရှိပါသည်။ အဓိက တောင်သူလုပ်ငန်း လုပ်ပါသည်။ စပါး၊ နှမ်း၊ မြေပဲတို့ စိုက်ပျိုးပါသည်။ စားရန်ရှာဖွေသည့် တံငါသည် (၆)ဦးရှိပါသည်။ ရွာနီးချင်း အချင်းချင်း ပြဿနာမရှိပါ။ လမ်းပန်းဆက်သွယ်ရေး မိုးရာသီတွင် သွားလာရ အရမ်းခက်ခဲပါသည်။ ချင်းတွင်းမြစ်ရေကို ချိုးရေ၊ စိုက်ပျိုးရေအဖြစ်သုံးပါသည်။ တွင်းရေမှ သောက်သုံးရေ ရပါသည်။ ငှက်ဖျားရောဂါ ဖြစ်ပွားခြင်းမရှိပါ။

ကျန်းမာရေးအတွက် မော်ကူးဆေးပေးခန်းမှ ဆေးဝါးများ၊ ဆေးစိမ်ခြင်ထောင်များ

လာရောက်ပေးဝေပါသည်။ အရေးပေါ်အခြေအနေဖြစ်ပါက မော်လိုက်ဆေးရုံသို့ သွားပါသည်။ ချက်ပြုတ်ရာတွင် ထင်းကိုအသုံးပြုပါသည်။ အစိုးရလျှပ်စစ်မီးမရသေးပါ။ ဆိုလာမီးသုံးပါသည်။ ကျေးရွာအတွင်းမှ စွန့်ပစ်အမှိုက်များအား တောထဲသို့ သွားရောက်စွန့်ပစ်ပါသည်။ နှစ်စဉ် (၈) လပိုင်းတွင် ပုံမှန်ရေကြီးပါသည်။ တစ်ခါတစ်ရံ တစ်နှစ် (၂)ကြိမ်၊ (၃)ကြိမ် ရေကြီးပါသည်။ (၂၀၁၅)ခုနှစ် တွင် ရွာထဲသို့ (၅)ပေ၊ (၆)ပေ ရေတက်ပါသည်။ ဖျားနာခြင်းများ ဖြစ်ပွားခဲ့သည်။ ပရဟိတ၊ ကူ / ကယ်ပြန်အသင်း၊ ဝေဠုကျော်အသင်းများ လာရောက်ကူညီပါသည်။

ချင်းတွင်းမြစ်ရေသည် ယခင်ကထက် ပိုမိုဆိုးလာပါသည်။ ရေနောက်ခြင်း၊ စိမ်းခြင်းများ ဖြစ်လာပါသည်။ ကမ်းမပြိုသော်လည်း မြေများသိသာစွာနိမ့်ကျလာပါသည်။ ရေမြုပ်သစ်များသည် ရွာဦးကျောင်းအနီးတွင် ရှိနိုင်သောကြောင့် သစ်များ ဖော်ယူမည့် စီမံကိန်းအား သဘောမတူပါ။ သစ်ဆယ်ယူမှုကြောင့် ကမ်းများပြိုပျက်ပြီး ရွာပျောက် ကွယ်သွားမည်ကို စိုးရိမ်ကြောင်း ရွာသားတစ်ဦးမှ ပြောပါသည်။ ကမ်းထိန်းနံရံ သေချာပြုလုပ်ပေးမှသာ သဘောတူနိုင်ပါမည်ဟုလည်း ဆက်လက်ပြောပါသည်။ ရွာတွင်ရေငုပ်သမား မရှိပါ။

ရွာအနီး ကျောက်မီးသွေးကုမ္ပဏီများရှိပါသည်။ ထိုကုမ္ပဏီများသည် စီမံကိန်း မစခင် ပေးထားသောကတိများအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ လုပ်ဆောင်နေသောကြောင့် ယခုအချိန်တွင် ဒေသခံများ များစွာနစ်နာခြင်းခံစားနေရပါသည်ဟု ကျေးရွာအုပ်ချုပ်ရေးမှူးမှ ပြောပါသည်။ လုပ်ခလစာအလွန်နည်းပါးခြင်း၊ ဒေသခံကားများအား အသုံးမပြုဘဲ အခြားမြို့မှ ကားများအား အသုံးပြုခြင်းများ လက်တွေ့ခံစားနေရပါသည်။ ဒေသဖွံ့ဖြိုးမှုလုပ် ပေးသော်လည်း အလွန်အားနည်းပါသည်။ ကုမ္ပဏီ (၅) ခုရှိသော်လည်း သီဟသန့်ဟိန်းကုမ္ပဏီ တစ်ခုသာ နှစ်စဉ်ဖွံ့ဖြိုးရေး လုပ်ပေးပါသည်။ အကယ်၍ ရေမြုပ်သစ်များ ဖော်ယူပါက ဒေသခံကို ဦးစားပေးစနစ်ဖြင့် အလုပ်အကိုင် အခွင့်အရေးပေးပါ။ ထိုက်သင့်သောလစာပေးပါ။ ကမ်းထိန်းနံရံ ဦးစွာပြုလုပ်ပေးပါ။

|  |  |
|---|---|

**၈-၁-၃။ ချင်းတွင်းမြစ်အတွင်းရေမြုပ်သစ်ဖော်ထုတ်နိုင်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း**

**(နန်းမော်လိုက်ကျေးရွာ)**

ရက်စွဲ ။ ။ ၁၇.၁.၂၀၁၉

| | | |
|---|---|---|
| နန်းမော်လိုက်ကျေးရွာ | - | အိမ်ခြေ(၄၈) |
| ကျေးရွာအုပ်ချုပ်ရေးမှူး | - | ဦးထိန်လင်း (သပြေကုန်းရွာ) |
| ရွာခွဲခေါင်းဆောင် | - | ဦးမြင့်အောင် (နန်းမော်လိုက်) |
| တက်ရောက်သူများ | - | (၈) ဦး |

လွန်ခဲ့သော (၉၀)နှစ်က သစ်ဆိပ် (ဖားအောင်) ရှိခဲ့ပါသည်။ တောင်တွတ်ကြီးဝိုင်း အတွင်းမှ သစ်ထုတ်ယူခဲ့ပါသည်။ ဒေသခံများ အဓိကတောင်သူလုပ်ပါသည်။ ရွာနားနီးချင်းများ ပြဿနာမရှိပါ။ ကမ်းပြိုခြင်းများ ဖြစ်ပွားနေပါသည်။ ကျန်းမာရေးအတွက် ရွာတွင် ဆရာမ/ဆေးပေးခန်း မရှိပါ။ ဖောင်းပြင်သို့ သွားရောက် ကုသရပါသည်။ အိမ်သာရှိပါသည်။ ချင်းတွင်းမြစ်ရေကို ချိုးရေသာသုံးပြီး သောက်ရေကို တွင်းရေမှသုံးပါသည်။ ယခင်မြစ်ရေကိုသောက်သုံးစဉ် ရွာတွင် ဝမ်းရောဂါဖြစ်ပွားဖူးပါသည်။ နှစ်စဉ်ရွာတစ်ဝက်ခန့် ရေမြုပ်ပါသည်။ မြစ်ရေသည် ယခင်ကထက် ပိုမိုနောက်ကျိလာပါသည်။

အမှိုက်များကို မီးရှို့ဖျက်ဆီးပါသည်။ လျှပ်စစ်မီးမရှိပါ။ ဆိုလာမီးသုံးပါသည်။ မူလတန်းခွဲရှိပါသည်။ ကျောင်းသား/သူ (၄၇)ယောက်၊ ဆရာ/မ အစိုးရခန့် (၂) ဦးနှင့် ရွာမှ (၁)ဦး ငှားထားပါသည်။ ရေမြုပ်သစ်ဆယ်ယူရာတွင် စက်ယန္တရားများဖြင့်ဆယ်ယူမည် ဆိုပါက မိမိတို့ယခုလုပ်ကိုင်နေသော လယ်ယာမြေများ ပျောက်ဆုံးသွားမည်ကို အထူးစိုးရိမ်မိပါသည်။

<table>
<tr><td colspan="2">ကမ်းပါးများ ပိုမိုပြိုကျလာမည်ကိုလည်း စိုးရိမ်မိပါသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းဆောက်လုပ်ရန် ငွေကြေးမတတ်နိုင်သဖြင့် ဆောက်လက်စ ရပ်တန့်ထားရပါသည်။ အကူအညီလိုပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် လိုအပ်ပါသည်။</td></tr>
<tr><td></td><td></td></tr>
</table>

## ၈-၁-၄။ ချင်းတွင်းမြစ်အတွင်းရေမြုပ်သစ်ဖော်ထုတ်နိုင်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း (သရောင်းကျေးရွာ)

<table>
<tr><td colspan="3">ရက်စွဲ ။ ။ ၁၇.၁.၂၀၁၉</td></tr>
<tr><td>သရောင်းကျေးရွာ<br>ကျေးရွာအုပ်ချုပ်ရေးမှူး<br>တက်ရောက်သူများ</td><td>-<br>-<br>-</td><td>အိမ်ခြေ(၄၄၁)၊ လူဦးရေ (၂၈၂၂)<br>ဦးမျိုးမင်းအောင်<br>(၅) ဦး</td></tr>
<tr><td colspan="3">သရောင်းကျေးရွာသည် ဂျပန်ခေတ်ကတည်းက ရှိပါသည်။ အ.ထ.က ကျောင်းရှိပြီး ဆရာ၊ ဆရာမ (၄၅)ဦး ကျောင်းသား/သူ တစ်ထောင်ကျော် ရှိပါသည်။ (၁၆) ခုတင် တိုက်နယ်ဆေးရုံရှိပါသည်။ ရဲစခန်းရှိပါသည်။ လျှပ်စစ်မီးမရှိပါ။ ဘုန်းကြီးကျောင်းမှ တစ်ယူနစ် (၁၂၀၀) ကျပ်နှုန်းဖြင့် မီးစက်ဖြင့် မီးပေးပါသည်။ အဓိက တောင်သူများဖြစ်ပြီး ငါးဖမ်းသူ (၂၀) ဦးရှိပါသည်။ စပါးနှင့်ပဲမျိုးစုံ စိုက်ပျိုးပါသည်။ ထင်းခွေရောင်းခြင်းဖြင့် လုပ်ကိုင်စားသောက်သူများလည်း ရှိပါသည်။ တခြားပတ်ဝန်းကျင်ကျေးရွာများဖြင့် ပြဿနာမရှိပါ။ နှစ်စဉ်မိုးတွင်းတွင် ရေကြီးပြီး ရွာတွင်း (၁၅)ပေခန့် ရေတက်ပါသည်။ တစ်ကြိမ်ရေတက်လျှင် (၁)လမှ (၃)လအထိ ကြာတတ်ပါသည်။ ကယ်ဆယ်ရေးများ မလာဖူးပါ။ (၂၀၁၆)တွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ (၁)ကြိမ် လာဖူးပါသည်။<br>နှစ်စဉ်ရေကြီးခြင်းဖြစ်သောကြောင့် ရေမတက်ခင် ရွာသားများ ကြိုတင်ပြင်ဆင်ထားပါသည်။ တစ်ချို့က ဘုန်းကြီးကျောင်းတွင် သွားရောက်နေထိုင်ပါသည်။ ချင်းတွင်းမြစ်ရေသည်</td></tr>
</table>

| |
|---|
| ရွှေထုတ်ယူခြင်းကြောင့် နောက်ကျိနေပါသည်။ တစ်ခါတစ်ရံ ငါးများရေအောက်တွင်မနေနိုင်ဘဲ ရေပေါ်တွင် ပေါ်နေတတ်ပါသည်။ ယခင်က သစ်ဆိပ်ရှိခဲ့ သော်လည်း (၁၉၈၈/၈၉) ခုကတည်းက မပြုလုပ်တော့ပါ။ စီမံကိန်းလုပ်မည်ဆိုပါက သတင်းအချက်အ လက်များ ကြိုတင်သိချင်ပါသည်။ စီမံကိန်းဆောင်ရွက်ပါက ကမ်းပြိုမည်ကို အထူးစိုးရိမ်ပါသည်။ ကမ်းထိန်းနံရံပြုလုပ်ပေးခြင်း၊ လမ်းပြုပြင်ခြင်း၊ လျှပ်စစ်မီးများ ရရှိအောင် ဆောင်ရွက် ပေးစေချင်ပါသည်။ |





**၈-၁-၅။ ချင်းတွင်းမြစ်အတွင်းရေမြုပ်သစ်ဖော်ထုတ်နိုင်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း**

**(ပလူဇဝ ကျေးရွာ)**

| | | |
|---|---|---|
| ရက်စွဲ ။ ။ ၁၈.၁.၂၀၁၉ | | |
| ပလူဇဝကျေးရွာ | - | အိမ်ခြေ(၃၀)၊ အိမ်ထောင်စု (၃၀) |
| ကျေးရွာအုပ်ချုပ်ရေးမှူး | - | ဦးသန်းထွန်း (ရွာသာ) |
| ရွာခွဲခေါင်းဆောင် | - | ဦးမောင်နိုင် (ပလူဇဝ) |
| တက်ရောက်သူများ | - | (၆) ဦး |
| ပလူဇဝနှင့် ရွာသာတို့တွင် အဓိကတောင်သူလုပ်ငန်းနှင့် ကျောက်မီးသွေးကုမ္ပဏီတွင် ကုန်တင်/ချ ပြုလုပ်ပါသည်။ ရွာသာတွင် ကမ်းပြိုခြင်း (၃)နှစ်ဆက်တိုက် ကြုံတွေ့နေရပါသည်။ ပလူဇဝသည် ရွာအခြေတကျ မရှိသေးပါ။ ရွာတစ်စုတစ်စည်းတည်း နေနိုင်ရန် အခက်အခဲရှိနေပါသည်။ ချင်းတွင်းမြစ်ရေကို သောက်ရေ၊ သုံးရေ၊ ချိုးရေ၊ သယ်ယူပို့ဆောင်ရေးတွင် သုံးပါသည်။ ချက်ပြုတ်ရာတွင် ထင်း၊ မီးသွေး သုံးပါသည်။ အိမ်သာရှိပါသည်။ အမှိုက်များကို ကမ်းထိပ်တွင် ပစ်ပါသည်။ နှစ်စဉ် ဝါဆို၊ ဝါခေါင် ရေကြီးပါသည်။ ရွာသာတွင် မူလွန်ကျောင်းရှိပြီး ပလူဇဝတွင် မူလတန်းကျောင်းခွဲရှိပါသည်။ | | |

ပလူဇဝတွင် ကျောင်းသား/သူ (၄၀) ရှိပြီး အစိုးရခန့် ဆရာမ (၂) ဦးရှိပါသည်။ ဆရာမ မလောက်၍ (၁) ဦး ငှားထားပါသည်။ ကျန်းမာရေးပုံမှန်ဖြစ်ပါသည်။

ကျန်းမာရေးအခက်အခဲရှိပါက ကလေးဝသို့ (၁)နာရီခန့် ကားဖြင့်သွားရပါသည်။ ကုမ္ပဏီများကြောင့် ရေနောက်ခြင်း မြစ်ရေပိုဆိုးလာပါသည်။ စီမံကိန်းသတင်းအချက်အလက်များ ကြိုတင်သိချင်ပါသည်။ ပလူဇဝအနီး မစိန်ရွာတွင် ရေငုပ်သစ်ရှာသူများ ရှိပါသည်။ တံငါသည်မရှိပါ။ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ကမ်းပြိုမည်ကို စိုးရိမ်ပါသည်။ ရွှာသာတွင် မူလွန်ကျောင်း ရှိသော်လည်း အစိုးရကျောင်းဆောင်မရှိခြင်း၊ ကျောင်းသားများအတွက် လုံးဝအိမ်သာမရှိခြင်း၊ သောက်သုံးရေမလုံလောက်ခြင်း စသည့်အခက်အခဲများ ရှိနေပါသည်။ ပလူဇဝတွင် ဆရာ/မ မလုံလောက်ပါ။ ပြောင်းရွှေ့နေရာအား ရွာအတည်တကျပြောင်းရွှေ့နေထိုင်ချင်ပါသည်။





**၈- ၂။ ချင်းတွင်းမြစ်အတွင်းရေမြုပ်သစ်ဖော်ထုတ်နိုင်ရေး ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးခြင်း အပိုင်း(၂)**

လူမှုစီးပွားဆိုင်ရာကွင်းဆင်းလေ့လာခြင်းကို ၄-၃-၂၀၁၉ မှ ၆-၃-၂၀၁၉ အထိ ရေမြုပ်သစ်များ တူးဖော်မည့် အဆိုပြုမြို့နယ် (၃) ခုတွင် ပြုလုပ်ခဲ့ပါသည်။

**၈- ၂-၁။ ဒုတိယအကြိမ် အစည်းဝေး ၊ကလေးဝမြို့နယ်၊ ရွှာသာကျေးရွာအုပ်စုနှင့်ပလူဇဝကျေးရွာ**

| | | |
|---|---|---|
| နေ့စွဲ။ | ။ | ။ ၄.၃.၂၀၁၉ (တနင်္လာနေ့) |
| အချိန် | ။ | ။နံနက် ၁၁း၀၀ မှ ၁၂း၀၀ အထိ |
| နေရာ။ | ။ | ။ ရွှာသာကျေးရွာအုပ်စုရုံး၊ ကလေးဝမြို့နယ် |

- Great Golden Empire Co., Ltd အဖွဲ့မှ CEO ဒေါ်စန္ဒာအောင် မှစစ်ကိုင်းတိုင်းဒေသကြီး ၊ချင်းတွင်းမြစ်ကြောင်း၏ဖောင်းပြင်မြို့နယ်၊ မော်လိုက် မြို့နယ် အတွင်း နစ်မြုပ်နေ သော

နိုင်ငံတော်ပိုင် ရေမြုပ်မြေမြုပ်သစ်လုံး တူးဖော်ရေး လုပ်ငန်းကို Great Golden Empire Co., Ltd (GGE) မှ တာဝန်ယူဆောင်ရွက် မည်ဖြစ်ပါကြောင်း၊ ရေမြုပ်သစ်များဆယ်ယူ ရခြင်း၏ အဓိကရည်ရွယ်ချက်များဖြစ်သော သစ်တောများမှ ခုတ်ယူခြင်းမဟုတ်သဖြင့် သစ်တော ပြုန်းတီးမှု ကာ ကွယ်နိုင်ပြီး၊ လမ်းသစ်မဖောက် ၊ ယန္တရားအသုံးမပြုခြင်းကြောင့် သဘာဝ ပတ်ဝန်းကျင်နှင့် ဂေဟာစနစ် များကို ပျက်စီးစေခြင်းမရှိပဲ သစ်လုံးတန်ချိန် ထောင်ပေါင်းများစွာ ပြန်လည်ရရှိ၍ ပြည်ပနိုင်ငံများသို့သစ်တင် ပို့ မှုကို စဉ်ဆက်မပြတ် ပြုလုပ်နိုင်၍ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေခြင်း။ နိုင်ငံတော်၏ (GDP, Gross Domestic Product) တိုးတက်စေခြင်း။ ဒေသခံ လုပ်သားများကို အသုံးပြုမည်ဖြစ်သဖြင့် ဒေသခံများအားအလုပ်အကိုင် အခွင့်အလမ်း ဖန်တီး ပေး နိုင်ခြင်းဖြင့် ဒေသခံမိသားစုများအား ကူညီထောက်ပံ့ရာရောက်ခြင်း။ မြစ်ရေလျှံ ခြင်းကို ဖြစ်ပေါ်စေသောသစ်လုံးများဖယ်ရှားခြင်းဖြင့်နှစ်စဉ်ကျေးရွာများကိုရေလွှမ်းမိုးခြင်းကြောင့် ထောင်ပေါင်းများစွာသောလူများအားအသက်ဆုံးရှုံးမှုနှင့်ကျေးရွာများပျက်စီးခြင်းမှကာကွယ် နိုင်ခြင်း။ ကိုယ်ပိုင်ရေယာဉ်များသွားလာမှုကိုအထောက်အကူပြုနိုင်ခြင်းများအား ရှင်းလင်း ပြောကြားခြင်းနှင့်သစ်ဆယ်ယူခြင်းလုပ်ငန်းအဆင့်ဆင့်များအား ရှင်းလင်းပြောကြားပါသည်။

- ပတ်ဝန်းကျင်လေ့လာရေးအဖွဲ့ နှင့် ဒေသခံပြည်သူများ တွေ့ဆုံ ဆွေးနွေးရာ ပတ်ဝန်းကျင် လေ့လာရေးအဖွဲ့မှ ဒေါ်ခင်ဥမ္မာထွေးမှ ပတ်ဝန်းကျင်ဆိုင်ရာလေ့လာ ထားသည် များကို ဒေသခံပြည်သူ များအားအသေးစိတ်ရှင်းလင်းပြောကြားပါသည်။
- Great Golden Empire Co., Ltd အဖွဲ့မှ မူလတန်းကျောင်း ကျောင်းသား /သူများအတွက် စာအုပ်များလှူဒါန်းခြင်း၊
- ဦးကျော်အောင် (ကျောင်းဆရာ) တပူချောင်းကျေးရွာမှ ဒေသဖွံ့ဖြိုးရေးနှင့် မည်သို့လုပ်ဆောင်မည်ကိုမေးမြန်းရာ ကုမ္ပဏီပိုင်ရှင်မှ စီမံကိန်းပတ်ဝန်းကျင်မှ ဒေသခံများ အတွက် CSR အစီအစဉ်များဆောင်ရွက်ပေးပါမည့်အကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးများကို အချိန်အားလျော်စွာ ဆောင်ရွက်မှုလုပ်မည်ဟု ပြန်လည်ဖြေကြားပေးပါသည်။





### ၈-၂-၂။ ဒုတိယအကြိမ် အစည်းဝေး (၂) မော်လိုက်မြို့နယ်

| | | |
|---|---|---|
| ရက်စွဲ | ။ | ။၅.၃.၂-၁၉ (အင်္ဂါနေ့) |
| နေရာ | ။ | ။ မြို့နယ်ခမ်းမ၊မော်လိုက်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး |
| အချိန် | ။ | ။ နံနက်၀၉း၁၅ ပြီးဆုံးချိန် ၁၀ း ၃၅ |

- Great Golden Empire Co., Ltd အဖွဲ့မှ Director Mr. Bob မှ ရေမြှုပ်သစ်စီမံကိန်း အကြောင်းရှင်းလင်းခြင်း၊Great Golden Empire Co., Ltd အဖွဲ့မ Great Golden Empire Co., Ltd အဖွဲ့မှ CEO ဒေါ်စန္ဒာအောင် မှစစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းမြစ်ကြောင်း၏ဖောင်းပြင်မြို့နယ်၊ မော်လိုက် မြို့နယ် အတွင်း နစ်မြုပ်နေ သော နိုင်ငံတော်ပိုင် ရေမြုပ်မြေမြုပ်သစ်လုံး တူးဖော်ရေး လုပ်ငန်းကို Great Golden Empire Co., Ltd (GGE) မှ တာဝန်ယူဆောင်ရွက် မည်ဖြစ်ပါကြောင်း၊ ရေမြှုပ်သစ်များဆယ်ယူ ရခြင်း၏ အဓိကရည်ရွယ်ချက်များဖြစ်သော သစ်တောများမှ ခုတ်ယူခြင်းမဟုတ်သဖြင့် သစ်တောပြုန်းတီးမှု ကာ ကွယ်နိုင်ပြီး၊ လမ်းသစ်မဖောက် ၊ ယန္တရားအသုံးမပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟာစနစ် များကို ပျက်စီးစေခြင်းမရှိပဲ သစ်လုံးတန်ချိန် ထောင်ပေါင်းများစွာ ပြန်လည်ရရှိ၍ ပြည်ပနိုင်ငံများသို့သစ်တင် ပို့ မှုကို စဉ်ဆက်မပြတ် ပြုလုပ်နိုင်၍ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေခြင်း။ နိုင်ငံတော်၏ (GDP, Gross Domestic Product) တိုးတက်စေခြင်း။ ဒေသခံလုပ်သားများကို အသုံးပြုမည်ဖြစ်သဖြင့် ဒေသခံများအားအလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေး နိုင်ခြင်းဖြင့် ဒေသခံမိသားစုများအား

ကူညီထောက်ပံ့ရာရောက်ခြင်း။ မြစ်ရေလျှံ ခြင်းကိုဖြစ်ပေါ်စေသော သစ်လုံးများဖယ်ရှားခြင်းဖြင့်နစ်စဉ်ကျေးရွာများကို ရေလွှမ်း မိုးခြင်းကြောင့်ထောင် ပေါင်းများစွာသောလူများအားအသက် ဆုံးရှုံးမှုနှင့်ကျေးရွာများ ပျက်စီး ခြင်းမှကာကွယ်နိုင်ခြင်း။ ကိုယ်ပိုင်ရေ ယာဉ်များသွားလာမှုကိုအထောက် အကူပြုနိုင်ခြင်းများ အားရှင်းလင်းပြောကြားခြင်းနှင့်သစ်ဆယ်ယူခြင်းလုပ်ငန်းအဆင့်ဆင့်များအား ရှင်းလင်း ပြောကြားပါသည်။

- ပတ်ဝန်းကျင်လေ့လာရေးအဖွဲ့မှ ဒေါ်ခင်ဥမ္မာထွေးမှ ပတ်ဝန်းကျင်ဆိုင်ရာလေ့လာ ထားသည် များကို ဒေသခံပြည်သူ များအားအသေးစိတ်ရှင်းလင်းပြောကြား ပါသည်။
- Great Golden Empire Co.Ltd အဖွဲ့မှ မော်လိုက်မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သို့ စာအုပ်များနှင့် အလှူငွေ (၁၀၀၀၀၀) လှူဒါန်းခြင်းနှင့်မော်လိုက် မြို့နယ်ဆေးရုံအားသွားရောက်ကြည့်ရှုခြင်းနှင့် အလှူငွေ (၁၀၀၀၀၀) လှူဒါန်းခြင်း ဆောင်ရွက် ခဲ့ ပါသည်။

၁။ ဒေသ ခံများမှ ရေလမ်းကြောင်းပျက်စီးမှုရှိမရှိမေးမြန်းရာတွင် Great Golden Empire Co., Ltd အဖွဲ့မှ ပျက်စီးမှု မရှိနိုင်ပါကြောင်းဖြေကြားခဲ့သည်။

၂။ သစ်တောဦးစီးဌာနမှ သစ်ဖော်ယူရာသို့သက်ဆိုင်ရာ ဌာနများသို့အချိန်မီစာပို့ရန် အကြံပေးပြောကြား သည်။

၃။ လောင်းကောင်းအုပ်ချုပ်ရေးမှူးမှ ကျေးရွာအတွက် ကုမ္ပဏီမှ ပညာရေး၊ လမ်းများပြုပြင် ရာတွင် ပါဝင်လှူဒါန်း စေချင်ပါကြောင်းတင်ပြသည်။

၄။ တွန်းပင်အုပ်ချုပ်ရေးမှူးမှ ဒေသခံအလုပ်အကိုင်အခွင့်လမ်းများပေးပါရန်နှင့်ကျောင်း အဆောက်အဦး အား ကူညီပေးပါရန်တင်ပြခြင်း၊

၅။ သစ်လုပ်ငန်းမှ ဒေါ်မိုးမိုးခိုင် မှ သစ် ဆယ်ယူပြီးပါ ကမည်သို့လုပ်ဆောင်မည်ကို မေးမြန်းခြင်းရာကုမ္ပဏီပိုင်ရှင်မှ ရရှိလာသောသစ်များကို နီးစပ်ရာ သစ်ဆိပ်သို့ ပို့ဆောင်ပေးရမည်။ ထိုနောက် သစ်လုပ်ငန်းအဖွဲ့မှ လာရောက်၍ marking များကပ်မည်။ ၄င်းနောက် သစ်အမျိုးစားကို ခွဲပြီး သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ကုမ္ပဏီမှရယူ မှာဖြစ်ပါတယ်။ ရာခိုင်နှုန်းအလိုက် သစ်များရောင်းချငွေ ကို နိုင်ငံတော်ကို ပြန်လည်ပေးသွင်းရမည်ဟုဖြေကြား ပေးပါ သည်။

| |
|---|
| ၆။ မော်လိုက်ခရိုင်အုပ်ချုပ်ရေးမှူး မှ မော်လိုက် ပြည်သူ့ဆေးရုံ၏ ထောက်ကူ ပစ္စည်းတချို့နှင့် ဆေးရုံခွဲခန်း လျှောက်လမ်းပြုပြင်ရန်အကူညီတောင်းခံပါသည်။ ကုမ္ပဏီမှ သွားရောက်ပြီး လိုအပ်သည်များဖြည့်စီးမည် ဟု ဖြေကြားပါသည်။ |

| | |
|---|---|
|  |  |

**၈-၂-၃။ ဒုတိယအကြိမ် အစည်းဝေး (၃) ဖောင်းပြင်မြို့နယ်**

| |
|---|
| ရက်စွဲ ။ ။ ၆.၃.၂၀၁၉<br>အချိန် ။ ။ နေ့လည် ၂း၀၀နာရီမှ ၃း၀၀နာရီအထိ<br>နေရာ ။ ။ ဖောင်းပြင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ |
| - Great Golden Empire Co., Ltd အဖွဲ့မှ Director Mr. Bob မှ ရေမြုပ်သစ်စီမံကိန်းအကြောင်းရှင်းလင်းခြင်း၊Great Golden Empire Co., Ltd အဖွဲ့မ Great Golden Empire Co.Ltd အဖွဲ့မှ CEO ဒေါ်စန္ဒာအောင် မှစစ်ကိုင်းတိုင်းဒေသကြီး၊ချင်းတွင်းမြစ်ကြောင်း၏ ဖောင်းပြင်မြို့နယ်၊ မော်လိုက် မြို့နယ် အတွင်း နစ်မြုပ်နေ သော နိုင်ငံတော်ပိုင် ရေမြုပ်မြေမြုပ်သစ်လုံး တူးဖော်ရေး လုပ်ငန်းကို Great Golden Empire Co., Ltd (GGE)တာဝန်ယူဆောင်ရွက် မည်ဖြစ်ပါကြောင်း၊ ရေမြုပ်သစ်များဆယ်ယူ ရခြင်း၏ အဓိကရည်ရွယ် ချက်များဖြစ်သော သစ်တောများမှ ခုတ်ယူခြင်းမဟုတ်သဖြင့် သစ်တောပြုန်းတီးမှု ကာ ကွယ်နိုင်ပြီး၊ လမ်းသစ်မဖောက် ၊ ယန္တရားအသုံးမပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟာစနစ် များကို ပျက်စီးစေခြင်းမရှိပဲ သစ်လုံးတန်ချိန် ထောင်ပေါင်းများစွာ ပြန်လည်ရရှိ၍ ပြည်ပနိုင်ငံများသို့သစ်တင် ပို့ မှုကို စဉ်ဆက်မပြတ် |

ပြုလုပ်နိုင်၍ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေခြင်း။ နိုင်ငံတော်၏ (GDP, Gross Domestic Product) တိုးတက်စေခြင်း။ ဒေသခံလုပ်သားများကို အသုံးပြုမည်ဖြစ်သဖြင့် ဒေသခံများအားအလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေး နိုင်ခြင်းဖြင့် ဒေသခံမိသားစုများအား ကူညီထောက်ပံ့ရာရောက်ခြင်း။

မြစ်ရေလျှံခြင်းကိုဖြစ်ပေါ်စေသောသစ်လုံးများဖယ်ရှားခြင်းဖြင့်နှစ်စဉ် ကျေးရွာများကို ရေလွှမ်း မိုးခြင်းကြောင့်ထောင် ပေါင်းများစွာသောလူများအားအသက် ဆုံးရှုံးမှုနှင့် ကျေးရွာများ ပျက်စီး ခြင်းမှကာကွယ်နိုင်ခြင်း။ ကိုယ်ပိုင်ရေ ယာဉ်များသွားလာမှုကိုအထောက် အကူပြုနိုင်ခြင်းများ အားရှင်းလင်းပြောကြားခြင်းနှင့်သစ်ဆယ်ယူခြင်းလုပ်ငန်းအဆင့်ဆင့်များအား ရှင်းလင်း ပြောကြားပါသည်။

- ပတ်ဝန်းကျင်လေ့လာရေးအဖွဲ့မှ ဒေါ်ခင်ဥမ္မာထွေးမှ ပတ်ဝန်းကျင်ဆိုင်ရာလေ့လာ ထားသည် များကို ဒေသခံပြည်သူ များအားအသေးစိတ်ရှင်းလင်းပြောကြား ပါသည်။
- ဖောင်းပြင်မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သို့ စာအုပ်များ နှင့် အလှူငွေ (၁၀၀၀၀၀) လှူဒါန်းခြင်း

၁။ ဟဲလော့အုပ်စုအုပ်ချုပ်ရေးမှူးမှ ရေမြုပ်သစ်ဖော်ယူရာ မိမိတို့စိုက်ပျိုးမြေများ ပျက်စီးမှုရှိမရှိ မေးမြန်းရာတွင် ကုမ္ပဏီမှပျက်စီးမှု မရှိနိုင်ပါကြောင်း ဖြေကြားခြင်း

၂။ သရောင်းကျေးရွာမှ ဦးဇော်မင်းထွန်းမှ မိမိတို့ဒေသ သည်အမြဲရေကြီးနေသောကြောင့် သစ် ဆယ်ယူပါက မိမိတို့ကျေးရွာ ပိုမိုရေကြီးမှာစိုးရိမ်ကြောင်းတင်ပြ သည်။

၃။လဝကဦးစီး၊ဖောင်းပြင်မြို့နယ်မှ နိုင်ငံခြားသားလာရောက်ပါက လူမှုကြီးကြပ်ရေး ဌာနများသို့ အချိန်မီစာပို့ရန် မှ ဆွေးနွေးခြင်း၊

၄။နန်းမော်လိုက် ရပ်မိရပ်ဖမှသစ်ထုတ်ယူပြီး ကမ်းပြိုမှု အခြေအနေ ဖြစ်ပွားပါက တာဝန်ယူမှု အခြေ အနေမေးမြန်းရာ ကုမ္ပဏီမှပျက်စီးမှု မရှိနိုင်ပါကြောင်း၊ပျက်စီးပါက တာဝန်ယူဖြေရှင်းပေးမည်ဟုဖြေ ကြားသည်။

၅။သရောင်းအုပ်စု ရေကျော်ကျေးရွာတာဝန်ခံ မှကျောင်းမြေရှိပြီး ကျောင်းအဆောက် အဦးအား ကူညီပေး ပါရန်တင်ပြခြင်း နှင့် ရေမြုပ်သစ် ဆယ်ယူပြီးပါ ကမည်သို့ လုပ်ဆောင်မည်ကို မေးမြန်းခြင်း ရာ ရရှိလာသောသစ်များကို နီးစပ်ရာ သစ်ဆိပ်သို့ ပို့ဆောင်ပေးရမည်။ ထိုနောက် သစ်လုပ် ငန်း အဖွဲ့မှ

လာရောက်၍ marking များကပ်မည်။ ၄င်းနောက် သစ်အမျိုးစားကို ခွဲပြီး သတ်မှတ် ထားသော ဈေးနှုန်းဖြင့် ကုမ္ပဏီမှ ရယူမှာဖြစ်ပါတယ်။ ရာခိုင်နှုန်းအလိုက် သစ်များရောင်းချငွေ ကို နိုင်ငံတော်ကို ပြန်လည်ပေးသွင်းရမည်ဟု ဖြေကြားပေးပါ သည်။ ကုမ္ပဏီပိုင်ရှင်မှ ပြန်လည်ဖြေကြားပေးပါသည်။





## ၈-၃။ အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း

ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ အနီးပတ်ဝန်းကျင် ဒေသခံများသို့ အသိပေးရှင်းလင်းချပြသည့် လူထုတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး၊ ဒေသခံများ၏ သဘောထားကို သိရှိခဲ့ရပါသည်။ ကုမ္ပဏီအနေဖြင့် ရပ်ရွာအကျိုးပြုလုပ်များ ဆောင်ရွက်ရာတွင်၎င်း လစ်ဟာချက်၊ အားနည်းချက်များ မရှိစေရန်အတွက် ဆက်လက်၍ အတတ်နိုင်ဆုံးကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ပြီး၊ ဒေသခံပြည်သူများ၏ ဆက်လက်ထောက်ခံမှု များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၈-၄။ ဒေသခံများ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှု

စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံ ပြည်သူလူထု၏ အမြင်အား သိရှိလိုသဖြင့် ဒေသခံများနှင့် တွေ့ဆုံ၍ မေးမြန်းရာ ဒေသခံများက လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရခြင်း၊ ရေမြှုပ်သစ်တူးဖော်ရေးလုပ်ငန်းပေါ်ပေါက်လာပါက အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာမည့်အပြင် ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားလာမည် ဖြစ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ

ရရှိလိုပါကြောင်းလုပ်ငန်းစတင်ရာတွင် ဒေသခံများကိုပါ ပူပေါင်းပါဝင် ခန့်ထားစေလိုပါကြောင်း၊ စီမံကိန်းလုပ်ငန်းအားလည်း ဝမ်းသာစွာကြိုဆိုပါကြောင်း ပြောဆိုတင်ပြ ဆွေးနွေးခဲ့ကြပါသည်။

**၈-၅။ စီမံကိန်းပတ်ဝန်းကျင်ရှိဒေသခံများ၏သဘောထားမှတ်ချက်များ**

| **ဟုမ္မလင်းမြို့နယ်**<br>အကြံပြုလွှာပေးသူ- ၁၈ ဦး |
|---|
| - သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်များကို ပျက်စီးမှုမရှိခြင်း<br>- ခေတ်မှီနည်းပညာများအသုံးပြု ရှာဖွေခြင်းကြောင့် မြစ်ကြောင်းမပျက်စီးမှုမရှိပဲ ရေကြောင်းခရီးသွားလာရေး အနှောက်အယှက်မဖြစ်ခြင်း<br>- မြစ်ကြောင်းအတွင်းနစ်မြုပ်နေသည့် များကို ဖယ်ရှားသည့်အတွက် ကုန်ရေယာဉ်များ ချောမောစွာသွားလာနိုင်ခြင်း<br>- နိုင်ငံတော်အတွက် ဘဏ္ဍာငွေရရှိနိုင်ခြင်း<br>- ဒေသခံများအလုပ်အကိုင်ရရှိနိုင်ခြင်း<br>- ချင်းတွင်းမြစ်အတွင်းသွားလာနေသော ရေယာဉ်တွေကို အနှောက်အယှက်မဖြစ်လျှင် လက်ခံနိုင်ပါတယ်<br>- နစ်မြုပ်နေသောသစ်များဆယ်ယူခြင်းဖြင့် ကောင်းကျိုးရနိုင်ပါတယ်<br>- သဘာဝဘေးအန္တရာယ်ကင်းဝေးနိုင်ခြင်း<br>- ချင်းတွင်းမြစ်အတွင်းသွားလာနေသော ရေယာဉ်သွားလာမှု အန္တရာယ်ကင်းပါမည်။<br>- လက်ခံပါသည်။<br>- တိုင်းပြည်အတွက် အကျိုးရှိလျှင်လုပ်စေလိုပါသည်။<br>- ရေမြုပ်သစ်များဆယ်ယူ၍ ရေကောင်းလာမည်။<br>- ဒေသခံများနှင့်တိုင်းပြည်အတွက်အကျိုးရှိလျှင်လုပ်စေလိုပါသည်။<br>- ကျေးရွာနှင့်ဒေသခံများဖွံ့ဖြိုးရေးအတွက် အကူအညီရလျှင်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။<br>- ရေမြုပ်သစ်များသည် မြစ်ကြောင်းအတွင်းအန္တရာယ် |

| |
|---|
| ရှိသဖြင့် ဆောင်ရွက်သင့်ပါသည်။ |
| - အများပြည်သူအတွက်ဆောင်ရွက်မည်ဆိုပါက လက်ခံပါသည်။ |
| - သဘာသယံဇာတအလွန်အဖိုးတန်ပါသည်။အစိုးရ ၊ပြည်သူ၊ကုမ္ပဏီ သုံးဦးစလုံး နစ်နာမှုမရှိက ဆောင်ရွက်သင့်ပါသည်။ |
| - ရေမြုပသစ်ဆယ်ယူနိုင်ပါက သစ်တောများမှ သစ်ထုတ်ယူမှုနည်းသွားမည်ဖြစ်သဖြင့် လက်ခံပါသည်။ |
| - ရေကြောင်းသွားလာရေးထိခိုက်လျှင်မလုပ်သင့်ပါ။ |

| ဖောင်းပြင်မြို့နယ်<br>အကြံပြုလွှာပေးသူ- ၂၂ ဦး |
|---|
| - လုပ်ဆောင်သင့်ပါကြောင်း<br>- ချင်းတွင်းမြစ်ကြောင်းပေါ်တွင် ရေဆင်းရေစိုင်များနှင့် ဝဲကြီးများပေါများလှပါသည်။ ထိုဝဲကြီးတွေထဲမှာ နိုင်ငံတော်ပိုင် အဖိုးတန်သစ်လုံးများ ကျပျောက်ဆုံးရှုံးခဲ့တာတွေမနည်းလှပါဘူး။ ထိုကျပျောက်ဆုံးခဲ့ရသော အဖိုးတန်သစ်လုံးများ အလကားမဖြစ်ရအောင် နိုင်ငံတော်မှ တာဝန်ရှိသူများ ထိုသစ်လုံးများကို ပြန်လည်သယ်ယူပြီး နိုင်ငံတော်အတွက် အကျိုးရှိရှိ ပြန်လည်အသုံးပြုသင့်ပါတယ်လို့ ကျွန်တော်ယူဆမိပါသည်။<br>- အန္တရာယ်ကင်းရှင်းစွာ လုပ်ဆောင်ပါက ထောက်ခံပါသည်။<br>- လုပ်ဆောင်မည်ဆိုလျှင်မြန်မြန် လုပ်ဆောင်ပါရန်<br>- ရေကြောင်းကောင်းစေချင် ၊ ခရီးသွားပြည်သူအဆင်ပြေစေချင်<br>- စီမံကိန်းသည် ကောင်းမွန်သောကြောင့် ဆောင်ရွက်သင့်သည်။<br>- မြန်မြန်ဆောင်ရွက်ပါရန်<br>- အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် တစုန်းများ ဖယ်ရှားခြင်းမှာ အထူးကောင်းမွန်ပါသည်။<br>- ဒီproject က ရေကြောင်းသွားလာရေးအတွက် အနှောက်အယှက်မဖြစ်ဘူးဆိုရင် ထောက်ခံပါသည်။ |

- သစ်တွေရေမှာ မြုပ်နေတဲ့အတွက် အရပ် အန္တရာယ်ရှိပါသည်။ ထို့ကြောင့် ရေမြုပ် တူးဖော်ခြင်း စီမံကိန်းမှာ အလွန်တရာကောင်းမွန်ပါသည်။
- လုပ်ဆောင်ရန်ကောင်းမွန်ပါပေသည်။
